# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁၂) ရက် ၊ တနင်္လာနေ့ ၊ (8-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၅၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်တွင်းလယ်ယာထွက်ကုန်ဈေးကွက်တည်ငြိမ်စေရန် တောင်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၇**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဧရာ ဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ ပုသိမ် စက်မှုစီမံကိန်းရုံး၌ ပို့ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း လယ်ယာထွက်ကုန်ဈေးကွက် တည်ငြိမ်စေရန်၊ တောင်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ အသင်း အဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန်၊ စက်ရုံများ အားလုံးလည်ပတ်ရေးဆောင်ရွက်ရန်၊ ထုတ်လုပ် မှုစွမ်းဆောင်ရည်များ တိုးချဲ့ရန်၊ အရည်အသွေး ကောင်းအောင် စီမံခန့်ခွဲရန်နှင့် ကုန်သွယ်မှု သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိအောင် ချိတ်ဆက်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် ဧရာဟသာTrading Co., Ltd.၏ ပုသိမ် ဆန်စက်ကိုလည်းကောင်း၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**ရွှေတိဂုံစေတီတော်သို့ ၂၀၂၃ ခုနှစ် တစ်နှစ်တာကာလအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူးရဟန်းရှင်လူ၊ ပြည်သူဦးရေ ၁၂၄ သိန်း လာရောက်ဖူးမြော်**

စာမျက်နှာ - ၁၅

**ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ ကလောနှင့် ဟိုပုံးမြို့နယ်များ စဉ်ဆက်ပညာရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကျင်းပ**

စာမျက်နှာ - ၁၆

**၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်တွင် ကျင်းပမည်**

စာမျက်နှာ - ၁၁

**ထူးခြားသည့် ညအပူချိန်များ**

**၇-၁-၂၀၂၄**

**ဟားခါး**
၁၃ ဒီဂရီစင်တီဂရိတ်
**ကျောက်မဲ**
၂ ဒီဂရီစင်တီဂရိတ်
**လွိုင်လင်**
၃ ဒီဂရီစင်တီဂရိတ်
**ဖြင်ဦးလွင်**
၃ ဒီဂရီစင်တီဂရိတ်
**ဟဲဟိုး**
၄ ဒီဂရီစင်တီဂရိတ်
**မိုးကုတ်**
၄ ဒီဂရီစင်တီဂရိတ်




# ရတနာပုံ

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်

အယ်ဒီတာ့အာဘော်

## ပြစ်ဒဏ်လွတ်ငြိမ်း၍ ဘဝသစ်တွင် နိုင်ငံအကျိုးထမ်းရွက်သယ်ပိုး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၉၆၅၂ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၁/၂၀၂၄ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ကို ထုတ်ပြန်ကြေညာခဲ့ပေသည်။

အလားတူ နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၁၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၂/၂၀၂၄ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့် ထုတ်ပြန်ကြေညာခဲ့သည်။

ယခုကဲ့သို့ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူ ၉၆၅၂ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၁၄ ဦး စုစုပေါင်း ၉၇၆၆ ဦးတို့ကို လွတ်ငြိမ်းခွင့်ပြုလိုက်ခြင်းသည် ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရန်နှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားပြီး နိုင်ငံတော်၏မေတ္တာနှင့် စေတနာကို နားလည်စေရန်ဖြစ်ပေသည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသား၊ အကျဉ်းသူများကို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့်အညီ ကောင်းမွန်စွာဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် ယခုကဲ့သို့ ပြန်လည်လွတ်မြောက်လာသည့်အချိန်တွင် ကျန်းမာပျော်ရွှင်စွာ ဘဝသစ်စတင်ရန် အားမာန်အပြည့်ဖြင့် ထောင်အတွင်းမှထွက်လာကြသူတို့၏ ကြည်နူးပျော်ရွှင်နေသော မြင်ကွင်း၊ လာရောက်ကြိုဆိုကြသည့် မိဘဆွေမျိုးမိသားစုဝင်များ၏ နွေးထွေးပျူငှာဝမ်းပန်းတသာဖြင့် ကြိုဆိုနေကြသည့်မြင်ကွင်းမှာ မြင်ရသူအဖို့ နိုင်ငံတော်၏မေတ္တာ၊ စေတနာကြောင့် ပီတိမျက်ရည်ဖြာရပေသည်။

သို့ဖြစ်ရာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများသည် စိတ်သန့်ရှင်းစွာ လူ့အဖွဲ့အစည်းအတွင်းနေထိုင်နိုင်မည်ဖြစ်သကဲ့သို့ ရိုးသားဖြောင့်မတ်စွာဖြင့် သမ္မာအာဇီဝကျကျ အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်၏ မေတ္တာ၊ စေတနာတို့ကို အသိအမှတ်ပြုတန်ဖိုးထား၍ နိုင်ငံတော်ကို ကျေးဇူးတုံ့ပြန်သောအားဖြင့် အတိတ်ဖြစ်ရပ်အမှားများကို ဖျောက်ဖျက်ကာ ဘဝသစ်ကို ပြန်လည်စတင်နိုင်ပြီး နိုင်ငံအကျိုးကို ထမ်းရွက်သယ်ပိုးနိုင်ကြသူများဖြစ်စေရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်




**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၃၃၀၄၅၃ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့မှာဆိုရင် မန္တလေးတောင်တော်ကို နယ်စုံက ဘုရားဖူးတွေ အများအပြားလာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေက စောင်းတန်းကကော၊ ကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးတွေက ရာသီဥတုအခြေအနေပေါ်ကြည့်ပြီး လာရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဒီနေ့ ဘုရားဖူးဦးရေတိုးပြီး ရင်ပြင်တော်ပေါ်မှာ စည်ကားနေပါတယ်။ ဘုရားဖူးတွေက မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်လေ့လာကြည့်ရှုကြပါတယ်။ တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းအလှအပကိုလဲ ဘုရားဖူးတွေ ကြည့်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းရောင်းချတဲ့ဆိုင်တွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၂၅၇ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၂၄၈၈၉ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများ အနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံးရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၄၃၀၇ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

## မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တရုတ်ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် တရုတ်ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံ ပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တရုတ်ကြက်သွန်ဖြူများသည် နေ့စဉ် ၁၂ ဘီးကား သုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ တရုတ်ကြက်သွန်ဖြူများသည် ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာပြီး ယခုလက်ရှိ ဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်အတွင်းကို တရုတ်ကြက်သွန်ဖြူတွေ ဝင်ရောက်လာပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ဈေးကွက်အတွင်းကို တရုတ်ကြက်သွန်ဖြူတွေ နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ ပြည်တွင်းက ကြက်သွန်ဖြူကတော့ ဝင်ရောက်မှုတွေနည်းသွားပါတယ်။ ဒါကြောင့် တရုတ်ကြက်သွန်ဖြူတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခြားကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့သီးနှံတွေလဲ ရောင်းအားအသင့်အတင့်ရှိပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

ကြက်သွန်ဖြူများကို တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့်အပြင် ပြည်တွင်းရှိ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း အဓိကထားစိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

## မန္တလေး-ရွာသစ်ကြီး-သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသားအခုရေ ၁၆၀ စိုက်ထူပြသမည်

**မန္တလေး ဇန်နဝါရီ ၇**

ဧရာဝတီမြစ် မန္တလေး-ရွာသစ်ကြီး-သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက်တွင် ဇန်နဝါရီလ ဒုတိယပတ်မှစ၍ ရေပေါ်ပြ၊ ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၆၀ စိုက်ထူပြသမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ- ၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် မန္တလေး-ရွာသစ်ကြီး-သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက် ရေယာဉ်များသွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဇန်နဝါရီလ ဒုတိယပတ်မှစ၍ ရေပေါ်ပြ ရေလမ်းညွှန်အမှတ်အသား အခုရေ ၈၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၈၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၆၀ စိုက်ထူပြသပေးမည်ဖြစ်ကြောင်း သိရသည်။

"အခုက ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်တာကြောင့် မြစ်အတွင်း အချို့နေရာတွေမှာ သောင်ထွန်းနေတဲ့အတွက် ရေယာဉ်တွေသွားလာရာမှာ အခက်အခဲမရှိစေဖို့ ရေလမ်းညွှန်အမှတ်အသားစိုက်ထူတဲ့လုပ်ငန်းတွေ လုပ်ဆောင်ပေးသွားမှာပါ။ မန္တလေး-ရွာသစ်ကြီး-သုံးဆယ်ပေး ရေလမ်းကြောင်း တစ်လျှောက်မှာလဲ ဇန်နဝါရီလ ဒုတိယပတ်ကစပြီးတော့ ရေလမ်းညွှန်အမှတ်အသားတွေ စိုက်ထူပြသပေးသွားပါမယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလသို့ ရောက်ရှိလာသောကြောင့် ရေနည်းသတိပေးမှတ်အောက်သို့ ရောက်ရှိလျက်ရှိကြောင်း၊ ထိုသို့ မြစ်ရေကျဆင်းနေခြင်းကြောင့် ရေလမ်းကြောင်းပြောင်းလဲမှုများ၊ သောင်ထွန်းမှုများ ဖြစ်ပေါ်နေသည့်အတွက် မန္တလေးဆိပ်ကမ်းမှ ခရီးသည်တင်ရေယာဉ်နှင့် ကုန်တင်ရေယာဉ်များအနေဖြင့် မြစ်အတွင်းသွားရာတွင် ရေပေါ်ပြ၊ ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားများကို သတိပြုသွားလာကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတ်ကြီးအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ငပုတောမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးများတွင် ၁၇၈၃၃၈ ဧက ရိတ်သိမ်းပြီးစီး

**ငပုတော ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးများတွင် ၁၇၈၃၃၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၀၄၁၂၂ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၇၈၃၃၈ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၀၄၁၂၂ ဧက စိုက်ပျိုးခဲ့ပါတယ်။ မိုးစပါးတွေကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က ရိတ်သိမ်းနေတာ ဒီနေ့ထိ ၁၇၈၃၃၈ ဧက ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ရိတ်သိမ်းဖို့ကျန်တဲ့ စပါးစိုက်ခင်းတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်။ စပါးတွေ ပိုးမွှားရောဂါကျရောက်တာမရှိစေဖို့၊ အထွက်နှုန်းညီစေဖို့ စတဲ့နည်းပညာပေးလုပ်ငန်းတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အခု ရိတ်သိမ်းနေတဲ့စပါးတွေ အထွက်နှုန်းကောင်းမွန်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ရိတ်သိမ်းလျက်ရှိသည့် စပါးတစ်ဧကလျှင် ၈၅ ဒသမ ၆၄ တင်းထိ ထွက်ရှိပြီး ဆက်လက်ရိတ်သိမ်းရန်ကျန်သည့် စိုက်ဧကများကိုလည်း ရိတ်သိမ်းလျက်ရှိကြောင်း၊ အဆိုပါစပါးများ ပြန်လည်ရိတ်သိမ်းနိုင်ရေး စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဦးအာကာမိုးလှမော်-ဒေါ်နီးမမ၊ သား-မောင်အောင်မြတ်နိုး(စ) ညေးမိမ်လှမော် မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၈၀၀၀၀၀ လှူဒါန်းရာ နာယက ဆရာကြီး ဦးတင်မောင်၊ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ် ဦးမြဝင်း၊ ဓိမ်ဒုတိယဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးမောင်ကို၊ ဓိမ်အထွေထွေအတွင်းရေးမှူး သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၀၂၆၉ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၀၂၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြ၍ သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၀၁၆၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၀၂၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ မတ်ပဲ ၅၀၁၆၂ ဧက စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ၅၀၂၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ကတော့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိ ကွင်းဆင်း ဆောင်ရွက်ပေးပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် မတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၃၈၅၄၄ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၁၇၂၅ ဧက စုစုပေါင်း ၅၀၂၆၉ ဧကဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၃၈၄၃၉ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၁၇၂၃ ဧက စုစုပေါင်း ၅၀၁၆၂ ဧကဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို အထွက်နှုန်းကောင်းမွန်စေရန်၊ ပိုးမွှားရောဂါကင်းရှင်းစေရန်အတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရိတ်သိမ်းချိန်ထိ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မိုးညိုမြို့နယ် လေးအိမ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညို ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ လေးအိမ်တန်းကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ချေးငွေထုတ်ချေးခြင်းနှင့်ပတ်သက်၍ အသင်းသား၊ အသင်းသူများလိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေမာမာအောင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လေးအိမ်တန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်း လုပ်ကိုင်သူနှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

# ညောင်ရွှေမြို့နယ် ညောင်ဝန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ညောင်ရွှေ ဇန်နဝါရီ ၇**


ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် သလဲဦးကျေးရွာအုပ်စု ညောင်ဝန်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာမဏ္ဍပ်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားပြီး ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အကြောင်းအရာတို့ကို ကျေးရွာသို့ ချပြရှင်းလင်းခြင်း၊ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများရွေးချယ်နိုင်ရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဒုတိယဦးစီးမှူး ဒေါ်မူစီက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များနှင့် ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ညောင်ဝန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၄၇၈၀ စိုက်ပျိုးမည်

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၄၇၈၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၄၇၈၀ ကို ဇန်နဝါရီလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါပဲတီစိမ်းသီးနှံများအပါအဝင် ဆောင်းသီးနှံများအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပဲတီစိမ်းသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကနေ စိုက်ပျိုးရေးနည်းပညာတွေနဲ့ အခြားလိုအပ်တာတွေကို ဆောင်ရွက်ပေးနေပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လမြိုင်ကျွန်းမြို့နယ်မှာ ပဲတီစိမ်းကို ဧက ၄၇၈၀ လျာထားစိုက်ပျိုးမှာ ဖြစ်ပါတယ်။ စိုက်ပျိုးသွားမဲ့ ပဲတီစိမ်းသီးနှံကို တောင်သူတွေနဲ့ ပူးပေါင်းပြီး အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်မကျရောက်စေဖို့ စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းသီးနှံကို ကြက်လျှာ၊ ဝဲဒေါင့်၊ ကျိုက်ပိ၊ ညောင်တုန်းစု၊ စခန်းကြီး၊ မအူထုံး၊ ပုလွန်စာ၊ မြောင်းသာ၊ ဝက်ကွင်း၊ ရွှေတချောင်း၊ အုန်းပင်စု၊ မြစ်ကလေးတန်း၊ ကျော်ဇံ၊ ပျားဖွတ်လျော်ချောင်းစသည့် ကျေးရွာများတွင် အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ပဲတီစိမ်း တစ်ဧကလျှင်တင်း ၅၀ ထိ ထွက်ရှိစေရန် စနစ်တကျစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် ရုံးဆိပ်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ



အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ရုံးဆိပ်မြောက်ကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းက ရုံးဆိပ်မြောက်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရုံးဆိပ်မြောက်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ်သိန်း ၃၈၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရုံးဆိပ်မြောက်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့်အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၈၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နှံ့ယဉ်**

## ပုံမောင်းသံသာ ကကြပါစို့

- ငယ်ပေါင်းသူငယ်ချင်း ရောင်းရင်းတို့ရေ၊

- တို့ပြည်ထွတ်မြတ်
လွတ်လပ်သည်မှာ
ခုနစ်ဆယ့်ခြောက်
ပြည့်မြောက်ခဲ့ပြီလေ။

- ညီနောင်ချင်းပင်
ရန်သူထင်၍
အမြင်ရွဲ့စောင်း
ခိုအောင်းဂနိုင်
လေးမြားကိုင်၍
ခုတိုင်တွေဝေ
ရန်မပြေသေး။

- ခုဆိုအိမ်ရာ
စွန့်ခွာပြေးလွှား
တို့သွေးသားတို့
ဝတ်စားနေရာ
မပြေရှာဘဲ
ကြမ္မာဖြိုဖျက်ဆိုးမွေ့ခဲ့ပြီ။

- မင်းတို့ဝန်တာ
တို့ဝန်တာလို့
မရှောင်မလွှဲ
သတ္တိဇွဲနှင့်
ရဲရဲညီညီရှင်းကြမယ်။

- အစွဲအာဃာတ
အတ္တပယ်ရှား
သွေးစကားဖြင့်
ရှောင်ရှားမာယာ
လမ်းကြောင်းသာမှာ
ဘယ်ညာလက်တွဲ
မကွဲစိတ်ဝမ်း
လျှောက်လှမ်းမယ်လေ။

- တို့ပြည်ညာကြေ
ဝေဝေဆာဆာ
ပဒေသာကို
သူငါမခွဲ
လက်ချင်းတွဲလျက်
နည်းမျှမျှားဝ
ဆွတ်ယူကြ၍
မျှတသုံးဆောင်ကြပါစို့။

- တို့သွေးညီနောင်
ရွာလယ်ကောင်မှာ
ဗုံမောင်းသံပေး
လက်ချင်းထွေးယှက်
ကမယ်လေး။ ။

**ကျော်စောဟန်**

# နိုင်ငံတကာ သတင်းများ

## ဥရောပတပ်မတော် ဖွဲ့စည်းတည်ဆောက်ရန် အီတလီနိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

**ရောမ ဇန်နဝါရီ ၇**

ဥရောပသမဂ္ဂ (အီးယူ) အနေဖြင့် ကိုယ်ပိုင်တပ်မတော်တစ်ရပ် ဖွဲ့စည်းထားသင့်ကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီး အန်တိုနီယိုတာဂျာနီက ယနေ့တွင် တိုက်တွန်းခဲ့သည်။

အီတလီ ပြည်တွင်းမီဒီယာများနှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်စဉ် အီတလီ နိုင်ငံခြားရေးဝန်ကြီးက အဆိုပါအတိုင်း တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ကာကွယ်ရေးကဏ္ဍ၌ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးသည် မိမိဦးဆောင်သော ဖော်ဇာအီတလီယာပါတီ၏ ဦးစားပေးမူဝါဒဖြစ်ကြောင်း အီတလီ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် ကမ္ဘာပေါ်၌ ငြိမ်းချမ်းရေး ထိန်းသိမ်းသူအဖြစ် ရပ်တည်မည်ဆိုလျှင် ဥရောပတပ်မတော်တစ်ရပ်လိုအပ်ကြောင်း အီတလီ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံကို ၂၀၂၂ ခုနှစ်အတွင်း စစ်ရေးအရ တိုက်ခိုက်ခဲ့ပြီးနောက် ဥရောပကာကွယ်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးသဘောတရားကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အဓိကထားဆွေးနွေးလာခဲ့ကြသည်။

သို့သော် လက်ရှိအချိန်တွင် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသည် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)အင်အားတိုးချဲ့ရေးကိုသာ အဓိကအာရုံစိုက်နေကြရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ကိုကင်းမူးယစ်ဆေး ၈ ဒသမ ၈ တန် ဘိုလီးဗီးယားနိုင်ငံ၌ ဖမ်းဆီးရမိ

**လာပက်ဇ် ဇန်နဝါရီ ၇**

ဘိုလီးဗီးယားနိုင်ငံ အနောက်ပိုင်း အိုရူရိုပြည်နယ်၌ စံချိန်တင်များပြားသည့် ကိုကင်းမူးယစ်ဆေးဝါးများကို အာဏာပိုင်များက ဖမ်းဆီးနိုင်ခဲ့ကြောင်း ဇန်နဝါရီ ၆ ရက် သတင်းများအရ သိရသည်။

ဘိုလီးဗီးယားတာဝန်ရှိသူများ ဖမ်းဆီးနိုင်ခဲ့သည့် ကိုကင်းမူးယစ်ဆေးဝါးပမာဏမှာ မက်ထရစ်တန် ၈ ဒသမ ၈ တန်ထိရှိရာ ဘိုလီးဗီးယားနိုင်ငံ သမိုင်းတစ်လျှောက် အများဆုံးဖမ်းဆီးရမိခဲ့သည့်ကိုကင်းပမာဏဖြစ်ကြောင်း ဘိုလီးဗီးယားသမ္မတ လူးဝစ်အာစီက ပြောကြားထားသည်။

အဆိုပါကိုကင်းမူးယစ်ဆေးဝါးများ၏တန်ဖိုးသည် အမေရိကတိုက်၏ ကမ်းပေါ်ကာလပေါက်ဈေးအရ အမေရိကန်ဒေါ်လာ ၂၂၄ သန်းထိရှိကြောင်း သိရသည်။

သို့သော် ဥရောပသို့ရောက်ရှိခဲ့ပါက ၎င်းကိုကင်းမူးယစ်ဆေးဝါးများ၏တန်ဖိုးမှာ နှစ်ဆမြင့်တက်သွားလိမ့်မည်ဖြစ်ကြောင်း ဘိုလီးဗီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

နယ်သာလန်နိုင်ငံသို့ပို့ဆောင်ရန် စီစဉ်ထားဖွယ်ရှိသည့် အဆိုပါကိုကင်းများကို ကုန်တင်ယာဉ်တစ်စီးပေါ်တွင် တင်ဆောင်ထားသည့် သစ်ကြမ်းခင်းအထပ်သားများထဲ၌ ထည့်သွင်းထားခြင်းဖြစ်သည်။

ကိုကင်းမူးယစ်ဆေးဝါးများနှင့်အတူ မူးယစ်မှောင်ခိုသယ်ဆောင်သူများအဖြစ် ယူဆရသူလေးဦးကိုလည်း ဘိုလီးဗီးယားတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ယူကရိန်းစစ်မြေပြင်မှ ရုရှားတပ်ဖွဲ့ဝင်များကို အားပေးကူညီမည်ဟု သမ္မတပူတင် ကတိပြု



**မော်စကို ဇန်နဝါရီ ၇**

ရုရှားနိုင်ငံ၏ အကျိုးစီးပွားများကိုလက်နက်ကိုင်စွဲ၍ ကာကွယ်ပေးနေသော ရုရှားတပ်ဖွဲ့ဝင်များကို အားပေးကူညီမည်ဟု သမ္မတပူတင်က ဇန်နဝါရီ ၆ ရက်တွင် ကတိပေးလိုက်ကြောင်း သိရသည်။

ရုရှားသမ္မတ ပူတင်သည် အော်သိုဒေါ့ခရစ်ယာန်ဘာသာဝင်များ၏ ခရစ္စမတ်အကြိုနေ့ဖြစ်သော ဇန်နဝါရီ ၆ ရက်တွင် ယူကရိန်းစစ်မြေပြင်၌သေဆုံးခဲ့ရသည့် ရုရှားတပ်ဖွဲ့ဝင်များ၏ ကျန်ရစ်သူမိသားစုဝင်များနှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

သတ္တိပြောင်မြောက်သည့် ရုရှားတပ်ဖွဲ့ဝင်များသည် ခရစ္စမတ်ကာလကဲ့သို့ အားလပ်ရက်ကာလမျိုးမှာပင် နိုင်ငံ၏အကျိုးစီးပွားကို လက်နက်ကိုင်စွဲ၍ ကာကွယ်စောင့်ရှောက်နေသည်ဟု သမ္မတပူတင်က ရုရှားတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နည်းတူ ယူကရိန်းစစ်မြေပြင်၌ တိုက်ပွဲဝင်နေသည့် ရုရှားတပ်ဖွဲ့ဝင်များအတွက် အကူအညီအထောက်အပံ့များပို့ပေးရန်လည်း အစိုးရတာဝန်ရှိသူများကို သမ္မတပူတင်က ညွှန်ကြားထားသည်။

သမ္မတပူတင်သည် ဇန်နဝါရီ ၆ ရက်တွင် စစ်မြေပြင်၌ သေဆုံးခဲ့ရသည့် ရုရှားတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များနှင့်အတူ အော်သိုဒေါ့ခရစ္စမတ်အကြိုညဝတ်ပြုဆုတောင်းပွဲတွင်လည်း ပါဝင်ခဲ့သည်။

ထို့ပြင် သမ္မတပူတင်အနေဖြင့် လာမည့် မတ်လတွင်ကျင်းပမည့် ရုရှားသမ္မတရွေးကောက်ပွဲ၌ ထပ်မံပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပ နိုင်ငံသားများအားလုံး ပါဝင်မဲပေး

**ဒါကာ ဇန်နဝါရီ ၇**

ဘင်္ဂလားဒေ့ရှ် အထွေထွေရွေးကောက်ပွဲကို ယနေ့တွင်စတင်ကျင်းပခဲ့ရာ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများပါဝင်မဲပေးနေကြပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ အထွေထွေရွေးကောက်ပွဲကို အဓိကအတိုက်အခံပါတီဖြစ်သည့် ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီ(ဘီအင်န်ပီ)က သပိတ်မှောက်ထားရာ လက်ရှိဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာ၏ အဝါမီလိဂ်ပါတီကသာ စတုတ္ထအကြိမ်ထပ်မံအနိုင်ရဖွယ်ရှိနေသည်။

အထွေထွေ ရွေးကောက်ပွဲမတိုင်မီရက်များတွင် နိုင်ငံတစ်ဝန်း၌ မဲရုံများမီးရှို့ခံရခြင်း၊ စာသင်ကျောင်းများ မီးရှို့ခံရခြင်းများရှိခဲ့သော်လည်း ရွေးကောက်ပွဲနေ့တွင်မူ မည်သည့်ပြဿနာမျှမရှိသေးကြောင်း သိရသည်။

အဆိုပါ အထွေထွေရွေးကောက်ပွဲ မဲရုံများဖွင့်လှစ်ပြီး မကြာမီမှာပင် ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာသည် ဒါကာမြို့တော် မဲရုံတစ်ရုံ၌ ပါဝင်မဲပေးခဲ့ကြောင်း သိရသည်။

အထွေထွေရွေးကောက်ပွဲကာလအတွင်း မဲရုံများလုံခြုံရေးအတွက် ဘင်္ဂလားဒေ့ရှ် လုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေ ၈၀၀၀၀၀ ခန့်တို့က တာဝန်ယူပေးထားသည်။

အဆိုပါ ရွေးကောက်ပွဲတွင် လွှတ်တော်အမတ် နေရာပေါင်း ၃၀၀ နေရာအတွက် အမတ်လောင်း ၂၀၀၀ နီးပါး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## မူးယစ်မှောင်ခိုသင်္ဘောတစ်စီး နစ်မြုပ်မှုဖြစ်ပွား ဆီနီဂေါ်ရေတပ်မရိန်းတပ်ဖွဲ့ဝင် ငါးဦးပျောက်ဆုံး

**ဒက္ကာ ဇန်နဝါရီ ၇**

ဆီနီဂေါ်နိုင်ငံ ဒက္ကာမြို့ကမ်းရိုးတန်း ကမ်းလွန်ရေပြင်၌ ဆီနီဂေါ်ရေတပ်ကစစ်ဆေးနေသည့် မူးယစ်မှောင်ခိုသင်္ဘောတစ်စီး နစ်မြုပ်ခဲ့ရာ ဆီနီဂေါ်မရိန်းအထူးတပ်ဖွဲ့ဝင်ငါးဦး ပျောက်ဆုံးနေကြောင်း ဆီနီဂေါ်စစ်ဘက်က ဇန်နဝါရီ ၆ ရက်က သတင်းထုတ်ပြန်ထားသည်။

မူးယစ်ဆေးဝါးမှောင်ခိုသယ်ယူနေသည့် သင်္ဘောအဖြစ် ယူဆရသည့် သင်္ဘောတစ်စီးကို ဆီနီဂေါ်ရေတပ်ကင်းလှည့်သင်္ဘောတစ်စီးက ဇန်နဝါရီ ၅ ရက်က ကြားဖြတ်ဖမ်းဆီးနေစဉ် အဆိုပါနစ်မြုပ်မှု ဖြစ်စဉ်ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

မူးယစ်မှောင်ခို သင်္ဘောသည် သင်္ဘော၏ရေဝင်ပေါက်များကို ဖွင့်၍ သင်္ဘောကို ရည်ရွယ်ချက်ရှိရှိ နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ဆီနီဂေါ်စစ်ဘက်သင်္ဘော ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

မူးယစ်မှောင်ခို သမားများအနေဖြင့် သက်သေအထောက်အထားများကို ဖျောက်ဖျက်ရေးအတွက် သင်္ဘောကို ရည်ရွယ်ချက်ရှိရှိနစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ဆီနီဂေါ်တာဝန်ရှိသူများက ပြောကြားထားသည်။


ရေယာဉ်နစ်မြုပ်ချိန်တွင်ဆီနီဂေါ်ရေတပ် ကင်းလှည့်သင်္ဘောသည် မရိန်းတပ်ဖွဲ့ဝင်ခုနစ်ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း ငါးဦးမှာ ပျောက်ဆုံးလျက်ရှိသည်။

သို့သော် ဆီနီဂေါ်ရေတပ်သည် မူးယစ်မှောင်ခိုသင်္ဘောအဖြစ် ယူဆရသည့် သင်္ဘောပေါ်၌ လိုက်ပါလာသူ ၁၀ ဦးကို ဖမ်းဆီးထားနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဂရင်းလန်ကျွန်းကမ်းရိုးတန်း တောင်ဘက်အကျဆုံးနယ်မြေ၌ ပင်လယ်ရေတီတစ်မျိုး၏ကျောက်ဖြစ်ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိထား



**လန်ဒန် ဇန်နဝါရီ ၇**

ဂရင်းလန်ကျွန်း ကမ်းရိုးတန်း တောင်ဘက် အကျဆုံးနယ်မြေ၌ ကြောက်မက်ဖွယ် ပင်လယ်ရေတီ တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၆ ရက် သတင်းများအရ သိရသည်။

အဆိုပါ ပင်လယ်ရေတီ ကျောက်ဖြစ်ရုပ်ကြွင်းကို Timorebestia Koprii ဟူ၍ ဗြိတိန်နိုင်ငံ အရှေ့တိုးလ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

Timorebestia Koprii ပင်လယ်ရေတီများသည် လွန်ခဲ့သော နှစ်ပေါင်း သန်း ၅၀၀ ကျော်က သမုဒ္ဒရာဒေသ အစာကွင်းဆက်၏ ထိပ်ဆုံးတွင်ရှိသော အသားစားရေသတ္တဝါဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Timorebestia Koprii ပင်လယ်ရေတီများသည် ကိုယ်ခန္ဓာအလျား စင်တီမီတာ ၃၀ သို့မဟုတ် တစ်ပေထိ ရှိတတ်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ ရေတီများသည် ကမ်ဘရီယံဘူမိခေတ်ကာလ လွန်ခဲ့သော နှစ်ပေါင်း ၅၁၈ သန်းခန့်က ရှင်သန်ကျက်စားခဲ့ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Timorebestia Koprii ရေတီများသည် လွန်ခဲ့သောနှစ်ပေါင်း သန်း ၅၀၀ ခန့်မှစ၍ ယနေ့ထိ ရှင်သန်နေကြဆဲဖြစ်သည့် Arrow Worm ခေါ် ပင်လယ်ရေတီ တစ်မျိုးနှင့် ဆက်စပ်နေပုံရကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နေအဖွဲ့အစည်းအတွင်းရှိ ယူရေးနပ်စ်ဂြိုဟ်နှင့် နက်ပ်ကျွန်းဂြိုဟ်တို့၏အရောင်အသွေး အတူတူပင်ဖြစ်


**လန်ဒန် ဇန်နဝါရီ ၇**

နေအဖွဲ့အစည်းအတွင်းရှိ ယူရေးနပ်စ်ဂြိုဟ်နှင့်နက်ပ်ကျွန်းဂြိုဟ်တို့၏ အရောင်အသွေးမှာ အတူတူပင် ဖြစ်ကြောင်း ဇန်နဝါရီ ၆ ရက် သတင်းများအရ သိရသည်။

နက်ပ်ကျွန်းဂြိုဟ်ကို အပြာရင့်ရင့် အရောင်ရှိသည့် ဂြိုဟ် တစ်စင်းအဖြစ် တစ်ကမ္ဘာလုံးက နှစ်ပေါင်း ၃၀ ကျော်ကြာမျှယုံကြည်ခဲ့ကြသည်။

သို့ရာတွင် ဗြိတိန်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နက်ပ်ကျွန်းဂြိုဟ်မှာ အိမ်နီးချင်း ယူရေးနပ်စ်ဂြိုဟ်ကဲ့သို့ပင် စိမ်းပြာရောင်ဖျော့ဖျော့ အရောင်အသွေး မျိုးရှိကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ခဲ့သည့် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်က ရိုက်ကူးခဲ့သော ဓာတ်ပုံကြောင့် ရှေးယခင်က နက်ပ်ကျွန်းဂြိုဟ်၏အရောင်ကို အပြာရောင်ရင့်ရင့်အဖြစ် ယူဆခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။




သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ နက်ပ်ကျွန်းဂြိုဟ်၏အရောင်မှာ ယူရေးနပ်စ်ဂြိုဟ်၏ အရောင်နှင့် များစွာကွာခြားခြင်းမရှိကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗြိတိန် သိပ္ပံပညာရှင်များသည် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်က ရိုက်ကူးခဲ့သော ဓာတ်ပုံများနှင့် ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်က ရိုက်ကူးထားသော ဓာတ်ပုံများကို နှိုင်းယှဉ်လေ့လာပြီးနောက် ယူရေးနပ်စ်နှင့်နက်ပ်ကျွန်းဂြိုဟ်တို့၏ အရောင်အသွေးအမှန်ကို ဖော်ထုတ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အိန္ဒိယအာကာသအေဂျင်စီ၏ အဒိတျာအယ်လ်-၁ နေလေ့လာရေးအာကာသယာဉ် ဇန်နဝါရီ ၆ ရက်က နောက်ဆုံးနေရာယူမည့်ပန်းတိုင်သို့ ရောက်ရှိ

**နယူးဒေလီ ဇန်နဝါရီ ၇**

အိန္ဒိယအာကာသအေဂျင်စီ၏ အဒိတျာအယ်လ်-၁ နေလေ့လာရေးအာကာသယာဉ်သည် ဇန်နဝါရီ ၆ ရက်က နောက်ဆုံးနေရာယူမည့် ပန်းတိုင်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယ အာကာသအေဂျင်စီသည် အဒိတျာအယ်လ်-၁ နေလေ့လာရေး အာကာသယာဉ်ကို ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်း လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ နေလေ့လာရေး အာကာသယာဉ်သည် ကမ္ဘာမြေနှင့် မိုင်ပေါင်း တစ်သန်းအကွာတွင်ရှိသော အယ်လ်-၁ အမည်ရှိ နယ်မြေ၌နေရာယူ၍ နေလေ့လာစူးစမ်းရေးလုပ်ငန်းများကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၆ ရက်တွင် အဒိတျာအယ်လ်-၁ နေလေ့လာရေး အာကာသယာဉ်သည် ပျံသန်းရာလမ်းကြောင်း ထိန်းညှိမှုများပြုလုပ်ခဲ့ပြီးနောက် အယ်လ်-၁ ပတ်လမ်းပေါ်သို့ အောင်မြင်စွာဝင်ရောက်သွားပြီဖြစ်ကြောင်း အိန္ဒိယ အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဒိတျာအယ်လ်-၁ နေလေ့လာရေး အာကာသယာဉ်သည် အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော နေလေ့လာရေး အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

အဒိတျာအယ်လ်-၁ နေလေ့လာရေး အာကာသယာဉ်၌ နေမျက်နှာပြင်ကို စူးစမ်းလေ့လာရေးအတွက် စူးစမ်းလေ့လာရေးစနစ် နှစ်ခု တပ်ဆင်ထားကြောင်းသိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## စတာတင်ဆေးက ပန်းနာရင်ကျပ်နှင့် အဆုတ်လေပြွန်ရောင်ရောဂါကို ကုသပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၇**

ကိုလက်စထရောလျှော့ချရေးအတွက် ကမ္ဘာ့ပြည်သူသန်းပေါင်းများစွာတို့ သောက်သုံးနေကြရသော စတာတင် (Statin) ဆေးသည် တစ်ချိန်ချိန်တွင် ပန်းနာရင်ကျပ်နှင့် အဆုတ်လေပြွန်ရောင်ရောဂါ (COPD) ကို ကုသပေးနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၆ ရက်သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် အမေရိကန်သုတေသနပညာရှင်များသည် ပန်းနာရင်ကျပ်ရောဂါနှင့် အဆုတ်လေပြွန်ရောင်ရောဂါတို့ကို စတာတင်နှာရှူဆေးဖြင့် ကုသ၍ရနိုင်ခြင်းရှိ၊ မရှိ စမ်းသပ်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

စတာတင်နှာရှူဆေးများသည် ပန်းနာရင်ကျပ်နှင့် COPD ရောဂါရှိနေသူများ၏ လေပြွန်ရောင်ရမ်းမှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက ယူဆထားသည်။

စတာတင်ဆေးကို သောက်ဆေးအဖြစ် သောက်သုံးမှုသည် လေပြွန်လမ်းကြောင်းအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း၊ သို့ရာတွင် စတာတင်ဆေးကို အဆုတ်အတွင်းတိုက်ရိုက်ပို့ပေးပါက ပန်းနာရင်ကျပ်နှင့် COPD ကို ကုသရာတွင် ရလဒ်ကောင်းထွက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအသုံးပြုနေသည့် နှာရှူဆေးများသည် ပန်းနာရင်ကျပ်ရောဂါနှင့် COPD လူနာများ၏ ရောဂါလက္ခဏာများကို လျှော့ချရာတွင် ထိရောက်လုံလောက်မှုမရှိသေးကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ ပန်းနာရင်ကျပ်နှင့် COPD ရောဂါများကို ကုသနိုင်ရေးအတွက် ရှုသွင်းရသည့်ဆေးဝါးသစ်များ ဖော်ထုတ်ရန်လိုအပ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Xinhua News**
**Trs : KKO**

## ဆယ်ကျော်သက်အရွယ်တွင် အဝလွန်နေသူများ ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**ဂျေရုဆလင် ဇန်နဝါရီ ၇**

ဆယ်ကျော်သက်အရွယ်တွင် အဝလွန်နေသူများအနေဖြင့်အရွယ်ရောက်လာချိန်တွင် ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေ သိသိသာသာမြင့်တက်လာနိုင်ကြောင်း ဇန်နဝါရီ ၆ ရက် သတင်းများအရ သိရသည်။

အစ္စရေး သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အဝလွန်နေသည့် ဆယ်ကျော်သက်ကောင်ကလေးများတွင် ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ကိုးဆ မြင့်တက်နေတတ်ပြီး မိန်းကလေးများတွင် ပုံမှန်ထက် လေးဆထိ မြင့်မားနေတတ်ကြောင်း သိရသည်။

ထို့ပြင် ဆယ်ကျော်သက်ဘဝတွင် ကိုယ်အလေးချိန်ပုံမှန်ထက် အနည်းငယ်မျှ မြင့်တက်ခဲ့လျှင်ပင် ကျောက်ကပ်ရောဂါ ဖြစ်နိုင်ခြေ မြင့်မားလာတတ်သည်ကို တွေ့ရကြောင်း သိရသည်။

သို့ရာတွင် ဆယ်ကျော်သက်ဘဝ အဝလွန်မှုနှင့် ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေတို့ကြား မည်သို့မည်ပုံ ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးပေ။

အစ္စရေး သုတေသနပညာရှင်များသည် အသက် ၁၆ နှစ်နှင့် ၂၀ ကြား လူပေါင်း ၅၉၃၀၀၀ ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဒီဇင်ဘာလ လာလီဂါတစ်လတာအကောင်းဆုံး ကစားသမားဆုကို တိုက်စ်မျူးဒိုဘိခ် ရရှိ

**မက်ဒရစ် ဇန်နဝါရီ ၇**

လာလီဂါအမှတ်ပေးပြိုင်ပွဲ၏ ဒီဇင်ဘာလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဂျီရိုနာအသင်းတိုက်စ်မျူး ဒိုဘိခ်က ဆွတ်ခူးခဲ့ပြီး ၎င်းအနေဖြင့် ကစားသမားဘဝတွင် ပထမဆုံး အကြိမ် တစ်လတာအကောင်းဆုံး ကစားသမားဆု ရရှိခဲ့ကြောင်း သိရသည်။

တိုက်စ်မျူးဒိုဘိခ်သည် ဒီဇင်ဘာလအတွင်းကစားခဲ့သည့် ပွဲစဉ်များတွင် ဘာစီလိုနာအသင်း၊ ဘက်တစ်အသင်း၊ အလာဗက်အသင်းတို့နှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဂျီရိုနာအသင်းအတွက် သွင်းဂိုးလေးဂိုးထိသွင်းယူနိုင်ခဲ့ပြီး အသင်းကို အမှတ်ပေးဇယားထိပ်သို့ ရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့သဖြင့် တစ်လတာအကောင်းဆုံးဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

၎င်းသည် တစ်လတာအကောင်းဆုံးကစားသမားဆုအတွက် ဂီတာဖေးအသင်းတိုက်စ်မျူး မေရိုရယ်၊ လက်ပါးမက်အသင်း တိုက်စ်မျူး ဇယ်လက်စ်ရီးရဲလ်မက်ဒရစ်အသင်းတိုက်စ်မျူးရိုဒရီဂိုနှင့်ဘီလ်ဘာအိုအသင်းတိုက်စ်မျူး အီနာကီဝီလျံတို့ကို ဆန္ဒမဲအများဆုံးဖြင့် ကျော်ဖြတ်၍ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘီလ်ဘာအိုအသင်းကို ဒီဇင်ဘာလအတွင်း ကစားခဲ့သည့် ပွဲစဉ်များတွင် နှစ်ပွဲနိုင်၊တစ်ပွဲသရေ ရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြဗယ်ဗာဒီက တစ်လတာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : ML




## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ပဲလေ့စ်အသင်းမှ အိုလစ်ဆီကိုခေါ်ယူရန် ခံစစ်ကစားသမား ဝမ်ဘစ်ဆာကာနှင့် အလဲအထပ်ပြုလုပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။
- ဘာစီလိုနာအသင်းနည်းပြဇာဗီက ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းမှထွက်ခွာမည့် ဆာဂျီရော်ဘတ်တိုကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- မိုနာကိုအသင်းက ဝက်စ်ဟမ်းအသင်း ခံစစ်ကစားသမား ခါရာကို ရာသီဝက်အငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ပြီး အငှားစာချုပ်ကုန်ဆုံးပါက အပြီးသတ်ခေါ်ယူခွင့်ပါရှိကြောင်း သိရသည်။

ML

### အင်္ဂလန်အက်ဖ်အေဖလား ရလဒ်

| | | | | |
|---|---|---|---|---|
| လူတန် | ၀ | - | ၀ | ဘော်လ်တန် |
| မန်စီးတီး | ၅ | - | ၀ | ဟတ်ဒါဖီးလ် |
| နော်တင်ဟမ် | ၂ | - | ၂ | ဘလက်ပူးလ် |
| ပီတာဘရော့ | ၀ | - | ၃ | လိဒ် |
| ဝက်စ်ဟမ်း | ၁ | - | ၁ | ဘရစ္စတိုး |

(ဝ၄၀)

# MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပသည့် MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

ဦးစွာ နံနက် ၈ နာရီခွဲတွင် Winner Soccer အသင်းနှင့် Futsal Chit Thu အသင်းတို့ကစားခဲ့ရာ Winner Soccer အသင်းက ၁၀ ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် VUC FC အသင်းနှင့် Let Wel Thone Nara အသင်းတို့ ကစားခဲ့ရာ VUC FC အသင်းက ရှစ်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲက MIU FC အသင်းနှင့် Linn Latt FC အသင်းတို့ ကစားခဲ့ရာ MIU FC အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က Dream Team FC အသင်းနှင့် Futsal 19 FC အသင်းတို့ကစားခဲ့ရာ Futsal 19 FC အသင်းက ခြောက်ဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ညနေ ၃ နာရီက Generations FC အသင်းနှင့် M2K FC အသင်းတို့ ကစားခဲ့ရာ Generations FC အသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များ အပြီးတွင် VUC FC အသင်းက ရမှတ် ၂၁ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

STA

# ချဲလ်ဆီးအသင်း တိုက်စ်မျူးအန်ကူကူ တင်ပါးဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ် ထပ်မံအနားယူရမည်

**လန်ဒန် ဇန်နဝါရီ ၇**

ချဲလ်ဆီးအသင်း တိုက်စ်မျူး အန်ကူကူသည် တင်ပါးဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ် ထပ်မံအနားယူရမည်ဟု ချဲလ်ဆီးအသင်းကအတည်ပြုကြေညာခဲ့သည်။

အသက် ၂၆ နှစ်ရှိ အန်ကူကူသည် ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက လိုက်ပ်ဇစ်အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး ယူရိုသန်း ၆၀ ဖြင့် ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အန်ကူကူသည် ယခုနှစ် ဘောလုံးရာသီမစတင်မီ ရာသီကြိုခြေစမ်းပွဲစဉ်တွင်ဒဏ်ရာရရှိခဲ့သည့်အတွက် ရာသီအစပိုင်းကတည်းက ကာလရှည် အနားယူနေခဲ့ရပြီး ယခုအခါတွင်လည်း တင်ပါးဒဏ်ရာ ရရှိခဲ့သည့်အတွက် ရက်သတ္တပတ် အနည်းငယ် ထပ်မံအနားယူရမည် ဖြစ်သည်။

အန်ကူကူသည် ဒဏ်ရာမှ သက်သာလာခဲ့ပြီးနောက် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၀ ရက်က ကစားခဲ့သည့် ချဲလ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်းတို့ပွဲစဉ်တွင် ချဲလ်ဆီးအသင်းကစားသမားဘဝ ပထမဆုံး ပွဲစဉ်အဖြစ် စတင်ပါဝင်ကစားခဲ့ပြီး ပြီးခဲ့သည့် ဝုဗ်အသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ပထမဆုံးသွင်းဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

အန်ကူကူသည် အက်ဖ်အေဖလားပွဲစဉ်အဖြစ် ကစားခဲ့သည့် ချဲလ်ဆီးအသင်းနှင့် ပရက်စတန်အသင်းတို့ပွဲစဉ်မတိုင်မီ အသင်းလေ့ကျင့်ရေး အစီအစဉ်တွင် တင်ပါးဒဏ်ရာ ရရှိခဲ့သည့်အတွက် မည်သည့်အချိန်ထိအနားယူရမည်ကိုမသိရှိရသေးဘဲ အသေးစိတ် စစ်ဆေးမှုများ ထပ်မံပြုလုပ်ရမည်ဟု ချဲလ်ဆီးအသင်းနည်းပြ ပိုချက်တီနိုက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik

Trs : STA

# Polish Sportsperson of the Year ဆုကို စဝီယာတက်ခ် ဆွတ်ခူး

**ဝါဆော ဇန်နဝါရီ ၇**

ပိုလန်နိုင်ငံအားကစားလောက၏ အဖိုးထိုက်တန်ဆုံးသောဆုဖြစ်သည့် Polish Sportsperson of the Year ဆုကို တင်းနစ်မယ် စဝီယာတက်ခ်က ဆိုင်ကယ်မောင်းကမ္ဘာ့ချန်ပီယံ ဘာတော့ဇ်နှင့် ဘော်လီဘောကစားသမားစလီကာတို့ကိုကျော်ဖြတ်ကာ ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ၂၀၂၂ ခုနှစ်တွင်လည်း Polish Sportsperson of the Year ဆုကိုဆွတ်ခူးခဲ့သူဖြစ်သောကြောင့် နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆုကို ပိုလန်နိုင်ငံ၏ သက်တမ်း အရင့်ဆုံးဖြစ်သည့် အားကစားဂျာနယ်ဖြစ်သော Przeglad Sportowy ဂျာနယ်က ဦးဆောင် ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဆုကို ၁၉၂၆ ခုနှစ်ကတည်းက စတင်ချီးမြှင့်လာခဲ့ခြင်းလည်း ဖြစ်သည်။

စဝီယာတက်ခ်သည် အခြားသောအားကစားကဏ္ဍမှ နာမည်ကြီးကစားသမားများကို ကျော်ဖြတ်၍ Polish Sportsperson of the Year ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ၂၀၂၃ ခုနှစ်အတွင်းတင်းနစ်ပြိုင်ပွဲများတွင် ဆုဖလား ခြောက်လုံးထိ ဆွတ်ခူးရရှိခဲ့သလို ဩစတြေးလျနိုင်ငံတွင် ကျင်းပလျက်ရှိသည့် United Cup တင်းနစ်ပြိုင်ပွဲတွင်လည်း ပိုလန်အသင်းကိုဗိုလ်လုပွဲစဉ်အဆင့်သို့ ပို့ဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။




စဝီယာတက်ခ်သည် United Cup တင်းနစ်ပြိုင်ပွဲတွင် ပိုလန်အသင်းနှင့်အတူ ပါဝင်ယှဉ်ပြိုင်နေသည့်အတွက်ကြောင့်လည်း Polish Sportsperson of the Year ဆုကို ကိုယ်တိုင်လက်ခံရယူနိုင်ခဲ့ခြင်းမရှိဘဲဖခင်ဖြစ်သူ တွမ်မက်ဇ် စဝီယာတက်ခ်က ကိုယ်စားလက်ခံခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် အနိုင်ရခဲ့သည့် ဂျီရိုနာအသင်း ပြိုင်ပွဲစုံ ၁၅ ပွဲဆက်ရှုံးပွဲမရှိ မှတ်တမ်းကောင်းရရှိ




**မက်ဒရစ် ဇန်နဝါရီ ၇**

ဂျီရိုနာအသင်းသည် စပိန်ကိုပါဒယ်ရေးဖလား ၃၂ သင်းအဆင့် ပွဲစဉ်အဖြစ် ဆီဂန်ဒါကလပ်အယ်ချီအသင်းနှင့် ကစားခဲ့ရာ နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ၁၆ သင်းအဆင့်သို့ တက်ရောက်ခဲ့ပြီး ပြိုင်ပွဲစုံ ၁၅ ပွဲဆက်ရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းကိုပိုင်ဆိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဂျီရိုနာအသင်းသည် ဆီဂန်ဒါအမှတ်ပေးဇယား အဆင့်(၁၂)တွင်ရပ်တည်နေသည့်အယ်ချီအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့ရာ ပွဲချိန် ၃၇ မိနစ်တွင် ဒါလေဘာလိုင်း၊ ဒုတိယပိုင်း ပွဲချိန် ၆၇ မိနစ်တွင် ကော်တိုတိုက ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး အယ်ချီအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး စက်တင်ဘာလနောက်ပိုင်း ကစားခဲ့သည့်ပြိုင်ပွဲစုံ၁၅ ပွဲဆက်ရှုံးပွဲမရှိခဲ့ကြောင်း သိရသည်။

ဂျီရိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စက်တင်ဘာလအတွင်းကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တစ်ပွဲသာ ရှုံးပွဲရှိခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၄၈ မှတ်ထိစုဆောင်းနိုင်ခဲ့သဖြင့် ဇယားထိပ်မှရီးရဲလ်မက်ဒရစ်အသင်းနှင့်ရမှတ်တူဂိုးကွာခြားချက်ဖြင့် အဆင့်(၂)တွင်ရပ်တည်နေပြီး လာလီဂါပြိုင်ပွဲသမိုင်းတွင် ပထမရာသီဝက်အတွင်း ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာ၊ အေတီကိုအသင်းတို့မှ အပ ၁၉၆၁-၁၉၆၂ ဘောလုံးရာသီနောက်ပိုင်း ရမှတ်အများဆုံး စုဆောင်းနိုင်ခဲ့သည့် ကလပ်အသင်းဖြစ်လာခဲ့သည်။

ယခင်က လာလီဂါပြိုင်ပွဲတွင် ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာ၊ အေတီကိုအသင်းတို့မှအပ ပထမရာသီဝက်အတွင်း ရမှတ်အများဆုံး ရရှိထားသည့် အသင်းများမှာ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီတွင် ဆိုစီဒက်အသင်းက ရမှတ် ၄၃ မှတ်၊ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင် ဗလင်စီယာအသင်းက ရမှတ် ၄၃ မှတ်၊ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင် ဆီဗီလာအသင်းက ရမှတ် ၄၂ မှတ်တို့ ရရှိခဲ့သော်လည်း ယခုအခါ ဂျီရိုနာအသင်းက ရမှတ် ၄၈ မှတ်ဖြင့် စံချိန်ကောင်းတစ်ခုကိုပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# The Sentry ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ခရစ်ကစ် ဦးဆောင်

**ကာပါလူအာ ဇန်နဝါရီ ၇**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ် ကာပါလူအာမြို့တွင် ကျင်းပနေသည့် The Sentry ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ခရစ်ကစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်လျော့ရိုက်ကာအမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားဘာတီယာကစုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရှောင်ဇီလီ၊ ဂျော်ဒန်စပိုက်နှင့် တောင်ကိုရီးယားဂေါက်သီးရိုက်ကစားသမားဆန်ဂျေအင်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

၂၀၂၄ ခုနှစ် The Sentry ဂေါက်သီးရိုက်ပြိုင်ပွဲသည် ယခင်နှစ်များထက် အကြိတ်အနယ်ပိုရှိခဲ့ပြီး သုံးရက်ကစားပြီးချိန် အမှတ်ပေးဇယားကို ဦးဆောင်သူနေရာတည်ငြိမ်ခဲ့ခြင်းမရှိခဲ့ဘဲ ပြိုင်ပွဲဝင်များအကြား စွမ်းဆောင်ရည်ပိုင်း အတက်အကျမြန်ဆန်နေခဲ့သည်။

အမှတ်ပေးဇယား၏အဆင့်(၆)နေရာထိ ပြိုင်ပွဲဝင်များအကြား ရိုက်ချက်ကွာဟမှု ကျဉ်းမြောင်းခဲ့သောကြောင့် ချန်ပီယံဆုအတွက် နောက်ဆုံးနေ့တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ခရစ်ကစ်က "ပြိုင်ပွဲပထမနေ့မှာတော့ အထနှေးနေခဲ့လို့ ရလဒ်ပိုင်းက အားရဖွယ်မရှိခဲ့ပါဘူး။ ဒုတိယနေ့မှာလဲ ပုံမှန်အတိုင်းပဲ ကစားနိုင်ခဲ့တယ်။ တတိယနေ့မှာတော့ စွမ်းဆောင်ရည်ပိုင်းသိသိသာသာတိုးတက်လာတယ်လို့ခံစားမိပါတယ်။ တတိယနေ့ရဲ့ ကျင်းနံပါတ် ၅ လောက်ကနေစတင်ပြီးတော့ ရလဒ်ပိုင်းကတော်တော်လေးကိုကောင်းမွန်လာခဲ့တယ်။နောက်ဆုံးကျင်းအထိပုံစံကောင်းကိုထိန်းသိမ်းနိုင်ခဲ့လို့ အမှတ်ပေးဇယားထိပ်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ပြင်သစ်လိဂ်ဖလားပြိုင်ပွဲတွင် လိုင်လီအသင်း သမိုင်းတစ်လျှောက် ဂိုးပြတ်ဆုံးနိုင်ပွဲရရှိ

**ပဲရစ် ဇန်နဝါရီ ၇**

လိုင်လီအသင်းသည် စနေနေ့က ကစားခဲ့သည့် ပြင်သစ်လိဂ်ဖလားပြိုင်ပွဲတွင် ဂိုးဒန်လိုင်းယွန်းအသင်းကို ၁၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ဂိုးပြတ်ဆုံးနိုင်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ပြင်သစ်လက်အောက်ခံကျွန်းစုနိုင်ငံတစ်နိုင်ငံဖြစ်သည့် မာတီနီကွီနိုင်ငံကိုယ်စားပြု ဂိုးဒန်လိုင်းယွန်းအသင်းသည် လိဂ်ဖလားပြိုင်ပွဲ ၆၄ သင်းရှုံးထွက်အဆင့်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ရာ မိုင်ပေါင်း ၈၀၀၀ ကျော်ဝေးကွာသည့်ခရီးမှလာရောက်၍ လိုင်လီအသင်းနှင့်ကစားခဲ့ရသဖြင့် ၁၂ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရပြီး လိုင်လီအသင်းအနေဖြင့်လည်း ကလပ်အသင်းသမိုင်းတွင် ဂိုးအများဆုံးသွင်းယူနိုင်သည့် ပွဲစဉ်တစ်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် လိုင်လီအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု ၂၂ ကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီး လိုင်လီအသင်းအတွက်သွင်းဂိုးများကို ဂျွန်နသန်ဒေးဗစ်နှင့် ဇီဂရိုဟာတို့က ဟက်ထရစ်သွင်းဂိုးရာဇီစီနှင့် ဟာရယ်ဆန်တို့က သွင်းဂိုးနှစ်ဂိုးစီသွင်းယူခဲ့ကာ ဆန်တိုစ်နှင့် မက်ဆူအာတို့က သွင်းဂိုး တစ်ဂိုးစီ သွင်းယူနိုင်ခဲ့သော်လည်း ဂိုးဒန်လိုင်းယွန်းအသင်းအနေဖြင့် ပွဲချိန်အတွင်း ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုတစ်ကြိမ်မျှမလုပ်နိုင်ခဲ့ဘဲ ၁၂ ဂိုးပြတ်ဖြင့်ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ဆီဗီလာအသင်းက မန်ယူကစားသမား ဟန်နီဘယ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိ

**မက်ဒရစ် ဇန်နဝါရီ ၇**

ဆီဗီလာအသင်းသည် မန်ယူအသင်းမှ လူငယ်ကစားသမား ဟန်နီဘယ်ကို ရာသီဝက်အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး စာချုပ်သက်တမ်းကုန်ဆုံးပါက အပြီးသတ်ခေါ်ယူခွင့်ပါရှိခဲ့ကြောင်း သိရသည်။

အသက် ၂၀ ရှိ လူငယ်ကစားသမား ဟန်နီဘယ်သည် ၂၀၁၉ ခုနှစ်က အသင်းလူငယ်အကယ်ဒမီနှင့် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဝုဗ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်၌ စီနီယာအသင်းကြီးအတွက် ပထမဆုံးပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၁၀ ပွဲထိပါဝင်ခွင့်ရခဲ့ကာ ဘရိုက်တန်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သောကြောင့် မန်ယူအသင်းကစားသမား ဘဝပထမဆုံးသွင်းဂိုး ရရှိခဲ့သည်။

ယခင်က နည်းပြတန်ဟတ်အနေဖြင့် ဟန်နီဘယ်ကိုရောင်းချရန်ဆန္ဒရှိနေသော်လည်း ၎င်းသည် အလားအလာရှိသည့် လူငယ်ကစားသမားတစ်ဦး ဖြစ်သည့်အတွက် အငှားစာချုပ်ဖြင့် မစေလွှတ်မီ အသင်းအနေဖြင့် တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဆီဗီလာအသင်းနှင့် သဘောတူညီမှုရရှိထားသည့် ဟန်နီဘယ်ကို ပရီးမီးယားလိဂ်ပြိုင်ဘက် အဲဗာတန်အသင်းကလည်း အပြီးခေါ်ယူရန်ကြိုးပမ်းနေသည့်အပြင် ပြင်သစ်ကလပ် လိုင်ယွန်အသင်းနှင့် ဂျာမန်ကလပ် ဖရိုင်းဘတ် အသင်းတို့ကလည်း ကြားဖြတ်ခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်နေကြောင်း သိရသည်။

ဆီဗီလာအသင်းသည် ဟန်နီဘယ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် ချဲလ်ဆီးအသင်း လူငယ်တိုက်စစ်မှူး ဒက်ဗ်ရှိုဗ်ဖန်နာကိုလည်း အငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆွေးနွေးနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ဒီဇင်ဘာလအတွက် မန်ယူအသင်းတစ်လတာအကောင်းဆုံး ကစားသမားဆုကို တောင်ပံကစားသမား ဂါနာချိုဆွတ်ခူး




**မန်ချက်စတာ ဇန်နဝါရီ ၇**

ဒီဇင်ဘာလအတွက် မန်ယူအသင်း တစ်လတာအကောင်းဆုံး ကစားသမားဆုကို လူငယ်တောင်ပံကစားသမားဂါနာချိုက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၁၉ နှစ်ရှိ ဂါနာချိုသည် ယခုနှစ် ဘောလုံးရာသီ၌ နည်းပြတန်ဟတ်လက်အောက်တွင် အဓိက ကစားသမားအဖြစ်ပွဲထွက်ခွင့်ရရှိနေသူဖြစ်ပြီး အသင်းနှင့်အတူ ဒီဇင်ဘာလအတွင်းကစားခဲ့သည့် ပွဲစဉ်ရှစ်ပွဲတွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ကာ နှစ်ကြိမ်ဂိုးဖန်တီးမှုပြုလုပ်ထားပြီး ပွဲစဉ်တိုင်းနီးပါးအကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့သည့်အတွက် အသင်း၏တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်း၏ ဒီဇင်ဘာလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆု ဆန်ခါတင်ကစားသမားစာရင်းတွင် ဂါနာချိုသည် ဝါရင့်ခံစစ်ကစားသမား ဂျွန်နီအီဗန်နှင့် လူငယ်ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးတို့နှင့်အတူ ပါဝင်လာခဲ့ပြီးနောက် ပရိသတ်များထံမှ ဆန္ဒမဲပေးမှုအရ ၆၄ ရာခိုင်နှုန်းထိရရှိခဲ့ပြီးနောက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂါနာချိုသည် ဒီဇင်ဘာလအတွင်းကစားခဲ့သည့် သွင်းဂိုးနှစ်ဂိုးမှာ အေဗီလာအသင်းကိုအနိုင်ရရှိခဲ့သည့်ပွဲစဉ်ဖြစ်ပြီး အဆိုပါသွင်းဂိုးနှစ်ဂိုးကြောင့် မန်ယူအသင်းအနေဖြင့် အေဗီလာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်နေခဲ့ရာမှ ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂါနာချိုသည် ပြီးခဲ့သည့်နိုဝင်ဘာလကလည်း မန်ယူအသင်း တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ယခုအခါတွင်လည်း ဒီဇင်ဘာလအတွက် ထပ်မံရရှိခဲ့သည့်အတွက် အသင်းတစ်လတာ အကောင်းဆုံး ကစားသမားဆုကို နှစ်ကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

### အီတလီစီးရီးအေပွဲစဉ် (၁၉) ရလဒ်

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ၀ | - | ၃ | အေစီမီလန် |
| တိုရီနို | ၃ | - | ၀ | နာပိုလီ |
| အူဒီးနီးစ် | ၁ | - | ၂ | လာဇီယို |

(၀၄၀)

# အပြန်အလှန်ယုံကြည်မှုကိုတည်ဆောက်နိုင်ခြင်းဖြင့် လိုရာပန်းတိုင်သို့ အတူလျှောက်လှမ်းကြပါစို့

ယုံကြည်မှုဆိုသည့်အဓိပ္ပာယ်ကို လေ့လာကြည့်မည်ဆိုပါက တစ်စုံတစ်ရာ သို့မဟုတ် တစ်စုံတစ်ယောက်၏ စရိုက်လက္ခဏာ၊ စွမ်းဆောင်ရည်၊ စစ်မှန်မှု၊ မှန်ကန်မှု၊ တည်မြဲမှုတို့အပေါ် စိတ်ချခြင်း၊ အမှန်အဖြစ်မှတ်ယူခြင်းဟု ဆိုနိုင်သည်။ လူမှုပတ်ဝန်းကျင်တွင် လူအများနှင့်ပေါင်းသင်းဆက်ဆံဆောင်ရွက်ရာတွင် ယုံကြည်မှုသည် အလွန်အရေးကြီးသည်။ မိမိကိုယ်ကို ယုံကြည်မှုနှင့် တစ်ပါးသူက မိမိအပေါ် ယုံကြည်မှုဟူသည့် ယုံကြည်မှုနှစ်မျိုးစလုံးကို ခိုင်မာအောင် တည်ဆောက်ထားနိုင်သူသည် လူမှုပတ်ဝန်းကျင်တွင် လိုရာပန်းတိုင်ကို ပေါက်မြောက်အောင်မြင်သောသူဖြစ်နိုင်မည်ဖြစ်သည်။ ဘဝအောင်မြင်မှုကို ဖန်တီးပုံဖော်ရယူနိုင်ရေး ကြိုးစားဆောင်ရွက်ကြရာတွင် မိမိကိုယ်ကိုယုံကြည်မှုသည် အရေးကြီးသကဲ့သို့ မိမိကျင်လည်ရာပတ်ဝန်းကျင်က မိမိအပေါ် လက်ခံယုံကြည်မှုကိုလည်း ရယူထားရန် အရေးကြီးသည်။

ဘဝရပ်တည်မှု အခြေအနေတို့သည် မတူကွဲပြားကြသဖြင့် စား၊ ဝတ်၊ နေရေး ဆိုသည့် အရေးသုံးပါးကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်သည်လည်း တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ကြပေ။ မည်သည့်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရသူဖြစ်စေကာမူ မိမိကျင်လည်ရာပတ်ဝန်းကျင်မှ လူအများ၏ ယုံကြည်မှုကိုရယူနိုင်ရေးအတွက် မိမိရပ်တည်လုပ်ကိုင်နေရသော အလုပ်တွင် ကျွမ်းကျင်တတ်မြောက်သူ၊ ရိုးသားဖြောင့်မတ်သောသူ၊ လိမ်ညာလှည့်ဖြားခြင်းမရှိသူ၊ တာဝန်ယူမှုတာဝန်ခံမှုရှိသောသူ၊ ဘက်လိုက်ခြင်းကင်းသောသူ၊ မျှတစွာပြုမူဆောင်ရွက်တတ်သောသူ၊ ကျင့်ဝတ်များကိုလိုက်နာစောင့်ထိန်းတတ်သောသူ စသည့် အရည်အချင်းများနှင့်ပြည့်စုံသောသူဖြစ်ရန်လိုအပ်သည်။

ဌာန၊ အဖွဲ့အစည်းတစ်ခု အောင်မြင်ရန်အတွက် ၎င်းအဖွဲ့အစည်းအတွင်းရှိ လူပုဂ္ဂိုလ်များ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်ထားနိုင်ရန် အရေးကြီးသည်။ စည်းလုံးညီညာ အောင်ကြောင်းဖြာဆိုသည်နှင့်အညီ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစဉ်များ အရေးကြီးသကဲ့သို့ အစိုးရနှင့်ပြည်သူတို့ကြား အပြန်အလှန်ယုံကြည်မှုကလည်း အရေးကြီးသည်။ အစိုးရ၏ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များအပေါ် အများပြည်သူက ယုံကြည်လက်ခံကာ ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝသည်လည်း တိုးတက်လာနိုင်မည်ဖြစ်သည်။ အစိုးရနှင့် ပြည်သူကြား ယုံကြည်မှုတည်ဆောက်ရာတွင် အဓိကအခရာကျသူများမှာ နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများသည် အစိုးရ၏မူဝါဒများကို ပြီးမြောက်အောင်မြင်အောင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေရသူများဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း အများပြည်သူ၏ လက်တွေ့အမှန်တကယ်လိုအပ်သည့် လိုအပ်ချက်များကို မူဝါဒချမှတ်သူများသိရှိစေရေးတင်ပြရပြီး ပြည်သူများ၏ လိုအပ်ချက်များဖြစ်သည့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူများထံသို့ ဖြည့်ဆည်းဆောင်ရွက်ပေးရသူများဖြစ်သည်။

အများပြည်သူ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေး စသည့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဖြည့်ဆည်းဆောင်ရွက်ပေးနေရသည့် ဝန်ထမ်းများသည် အမှန်စင်စစ်တွင် အစိုးရနှင့်ပြည်သူကြား အပြန်အလှန်ယုံကြည်မှုကိုတည်ဆောက်ပေးနေသည့် ပေါင်းကူးတံတားလေးများပင်ဖြစ်သည်။ ဝန်ထမ်းများအနေဖြင့် ဖြောင့်မတ်တည်ကြည်မှု၊ မျှတမှု၊ တာဝန်ယူမှုတာဝန်ခံမှု၊ မှန်ကန်တည့်မတ်မှု၊ ဘက်လိုက်ခြင်းကင်းမှု၊ အဂတိတရားကင်းရှင်းမှု၊ လာဘ်ပေးလာဘ်ယူကင်းရှင်းမှု စသည့် စံနှုန်းများကို ဒေါက်တိုင်များသဖွယ် တည်ဆောက်ထားကာ အစိုးရနှင့်ပြည်သူကြားက ပေါင်းကူးတံတားကို ခိုင်မာအောင်တည်ဆောက်ထားနိုင်မည်ဆိုပါက အပြန်အလှန် ယုံကြည်မှုများ တိုးပွားလာကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ကို အတူတကွ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

ဝန်ထမ်းအလုပ်သည် အများပြည်သူ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရပြီး အများပြည်သူသို့ ဝန်ဆောင်မှုပေးရသော မှန်မြတ်သည့်အလုပ်ဖြစ်သည်။ လူဦးရေ ၅၆ ဒသမ ၂ သန်းရှိသည့် မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းဦးရေသည် တစ်သန်းခန့်သာရှိသဖြင့် စုစုပေါင်းလူဦးရေ၏ နှစ်ရာခိုင်နှုန်းခန့်သာရှိသည်။ နေ့စဉ် သစ္စာဓိဋ္ဌာန် (၆) ရပ်ကိုဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်နှင့်ပြည်သူအတွက် ပေးဆပ်လိုသော မှန်မြတ်သည့် စိတ်ဓာတ်ရှိသူများသာ ရှင်သန်ခွင့်ရသည့် ဝန်ထမ်းလောကသည် ကျင့်ဝတ်နှင့်အညီ ဖြောင့်မတ်တည်ကြည်မှုရှိစွာ ရပ်တည်နေထိုင်နိုင်မည်ဆိုပါက တစ်ဖက်တွင် မိမိ၏စားဝတ်နေရေးကိုပြေလည်စေရေး အသက်မွေးဝမ်းကျောင်းအဖြစ် ရပ်တည်နိုင်ပြီး တစ်ဖက်တွင်လည်း အများပြည်သူသို့ ဝန်ဆောင်မှုပေးခြင်းဖြင့် ကုသိုလ်ရနိုင်သည့် အလုပ်ဖြစ်သဖြင့် ကုသိုလ်လည်းရ ဝမ်းလည်းဝ ဖြစ်သည်။

သန့်ရှင်းမွန်မြတ်သည့် စိတ်ဓာတ်ဖြင့် ရပ်တည်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြရာတွင် အများပြည်သူယုံကြည်မှုကင်းမဲ့စေသော လုပ်ရပ်များဖြစ်သည့် လာဘ်ပေးလာဘ်ယူမှု၊ တံစိုးလက်ဆောင်ရယူမှု၊ အဂတိလိုက်စားမှု၊ ဘက်လိုက်မှု၊ မျက်နှာသာပေးမှု စသည့်အပြုအမူများကို အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်မိခြင်းမှ ကင်းဝေးစေရန်အတွက် ဥပဒေ၊ နည်းဥပဒေများ၊ ကျင့်ဝတ်၊ ကျင့်ဝတ်စံတန်ဖိုးများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များဖြင့်တည်းမတ်ညွှန်ကြားထားပြီးဖြစ်သည်။ ကျေးလူးရှင် ထမင်းရှင်ဖြစ်သည့် ပြည်သူများအပေါ် သစ္စာစောင့်သိရိုသေခြင်း၊ လေးစားစွာဝန်ဆောင်မှုပေးခြင်း၊ အကျိုးစီးပွားကို အလေးထားစောင့်ရှောက်ပေးခြင်း၊ ယဉ်ကျေးဖျူငှာစွာ ပြုမူပြောဆိုဆက်ဆံခြင်း၊ ငွေကြေးအပါအဝင် အခြားအကျိုးခံစားခွင့် တစ်ခုခုကို တောင်းခံမှုမပြုခြင်းတို့သည် ပြည်သူအပေါ် လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်များပင် ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများ၏ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ ပြုမူပြောဆို လုပ်ကိုင်ဆောင်ရွက်နေကြသည့် မွန်မြတ်သန့်ရှင်းသော အပြုအမူများကို ယိုယွင်းပျက်စီးစေသည့် အရာတစ်ခုမှာ အဂတိလိုက်စားမှုပင်ဖြစ်သည်။ အဂတိလိုက်စားမှုအကျင့်ဆိုးသည် ဝန်ထမ်းတစ်ဦးထံသို့ မမျှော်လင့်ဘဲ ရောက်ရှိလာသည့်အခါ ထိုဝန်ထမ်း၏ အကျင့်စာရိတ္တသည် ပျက်စီးသွားသကဲ့သို့ ထိုဝန်ထမ်း၏ ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်မှုများကြောင့်ပင် ဝန်ဆောင်မှုလာရောက်ရယူသည့် ပြည်သူများကလည်း ထိုဝန်ထမ်းကျင်လည်နေသည့် ဌာန၊ အဖွဲ့အစည်းအပေါ် ယုံကြည်မှုလျော့နည်းခြင်းမှသည် အစိုးရအပေါ် ယုံကြည်မှုလျော့နည်းသွားနိုင်သည့် အခြေအနေထိ ရောက်ရှိသွားနိုင်သည်။

❖ ဝန်ထမ်းများအနေဖြင့် ဖြောင့်မတ်တည်ကြည်မှု၊ မျှတမှု၊ တာဝန်ယူမှုတာဝန်ခံမှု၊ မှန်ကန်တည့်မတ်မှု၊ ဘက်လိုက်ခြင်းကင်းမှု၊ အဂတိတရားကင်းရှင်းမှု၊ လာဘ်ပေးလာဘ်ယူကင်းရှင်းမှု စသည့်စံနှုန်းများကို ဒေါက်တိုင်များသဖွယ် တည်ဆောက်ထားကာ အစိုးရနှင့်ပြည်သူကြားက ပေါင်းကူးတံတားကို ခိုင်မာအောင်တည်ဆောက်ထားနိုင်မည်ဆိုပါက အပြန်အလှန်ယုံကြည်မှုများ တိုးပွားလာကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ကို အတူတကွ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ ❖

ထို့ကြောင့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အပိုဒ် ၈၊ အပိုဒ်ခွဲ ၂ တွင် "အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ အဖွဲ့အစည်းဆိုင်ရာနှင့် ဥပဒေပြုခြင်းဆိုင်ရာ စနစ်များအတွင်းမှ အများပြည်သူဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် တိကျမှန်ကန်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သင့်တင့်မျှတမှုတို့ဖြင့် ဆောင်ရွက်နိုင်ရေး ကျင့်ဝတ် သို့မဟုတ် ကျင့်ဝတ်စံတန်ဖိုးများကို ကျင့်သုံးနိုင်ရေး ကြိုးပမ်းရမည်"ဟု အဖွဲ့ဝင်နိုင်ငံများသို့ တိုက်တွန်းထားခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၉၁ ခုနှစ်က ထုတ်ပြန်ခဲ့သည့် ဝန်ထမ်းကျင့်ဝတ်စာစောင်ကို ခေတ်စနစ်နှင့်အညီ ဖြစ်စေရန် ၂၀၀၄ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ပြင်ဆင်ထားသည့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်တွင် ဝန်ထမ်းများအနေဖြင့် "လာဘ်ပေး လာဘ်ယူပြုခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း သို့မဟုတ် တံစိုးလက်ဆောင်ယူခြင်း၊ တာဝန်အရ ဆောင်ရွက်ရန်ရှိသည့် အလုပ် သို့မဟုတ် ပြုလုပ်ပေးခဲ့ရသည့်လုပ်ငန်းအတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်းနှင့် မိမိကဖြစ်စေ၊ အခြားဝန်ထမ်းတစ်ဦးကဖြစ်စေ အမှုကိစ္စတစ်ခုကို မတရားသောနည်းလမ်းများဖြင့် ဆောင်ရွက်ပေးရန်အတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်း"တို့ကို ရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ထိုပြဋ္ဌာန်းချက်များသည် ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် သမာသမတ်ကျစွာ ဂုဏ်သိက္ခာနှင့်အညီ ထမ်းဆောင်နိုင်ပြီး အများပြည်သူက ယုံကြည်ကိုးစားသောသူများဖြစ်စေရေးအတွက် အထောက်အကူပြုစေမည့် လမ်းပြချက်များပင်ဖြစ်သည်။

နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် အလွဲသုံးစားမပြုစေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မိမိ၏ပေါ့ဆမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ညွှန်ကြားချက်များကို မလိုက်နာမှုကြောင့်ဖြစ်စေ နိုင်ငံတော်ဘဏ္ဍာငွေ သို့မဟုတ် နိုင်ငံပိုင်ပစ္စည်း ဆုံးရှုံးပျက်စီးခြင်း မဖြစ်စေရေးအတွက် အလေးထားဆောင်ရွက်ရန်နှင့် ဥပဒေနှင့်အညီ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်ဆိုသည့် ပြဋ္ဌာန်းချက်များသည်လည်း ဝန်ထမ်းများအနေဖြင့် အများပြည်သူဘဏ္ဍာရန်ပုံငွေများကို ကိုယ်ကျိုးအတွက် အသုံးပြုခြင်းမရှိသကဲ့သို့ လိုအပ်သည်နေရာသို့သာရောက်ရှိပြီး လေလွင့်ဆုံးရှုံးမှုမရှိစေရေးဆောင်ရွက်နေသည်ကို သက်သေပြသနေခြင်းပင်ဖြစ်သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၀၂၁ ခုနှစ် မေ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည့် "နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ" တွင်လည်း ဝန်ထမ်းများအနေဖြင့် အဂတိတရား ကင်းရှင်းစွာ အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးရမည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် ဒေသန္တရဆိုင်ရာ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊ ဘက်လိုက်မှု ကင်းရှင်းရမည့်အပြင် အများပြည်သူ အထင်အမြင်လွဲမှားစေနိုင်သည့် အပြုအမူ၊ အပြောအဆိုတို့ကိုလည်း ရှောင်ကြဉ်ရမည်ဟု ပြဋ္ဌာန်းထားသည့်အချက်များသည်လည်း ပြည်သူလူထုက ဝန်ထမ်းများအပေါ် အစဉ်အမြဲလေးစားဂုဏ်ယူ မြတ်နိုးကြည်ဖြူသည့် စိတ်များပေါက်ဖွားလာကာ မိမိတို့၏ဘဝများကို သာယာလှပအောင် ဖန်တီးပေးမည့်သူများအဖြစ် လက်ခံယုံကြည်လာစေမည့် အချက်များပင်ဖြစ်သည်။

မွန်မြတ်သော အသက်မွေးဝမ်းကျောင်းအလုပ်ဖြင့် အသက်မွေးနေကြရသည့် ဝန်ထမ်းများသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရာတွင် ကျင့်ဝတ်စံနှုန်းများနှင့်အညီ ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ မျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အဂတိတရားကင်းရှင်းမှု စသည်တို့ကို လက်ကိုင်ထားဆောင်ရွက်ကြခြင်းဖြင့် အများပြည်သူ၏ ယုံကြည်ကိုးစားမှုကိုရယူနိုင်မည်ဖြစ်သည်။ အများပြည်သူ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ခန့်အပ်ထားသည့် ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်ညီသော၊ ဖြောင့်မတ်တည်ကြည်သော၊ အဂတိလိုက်စားမှုကင်းစင်သော အပြုအမူများကို ယုံကြည်လက်ခံလာကြသည့် ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်နေသော အစိုးရနှင့် ပေါင်းကူးတံတားလေးပေါ်တွင် ဆုံစည်း၍ အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် လိုရာပန်းတိုင်သို့ အတူလျှောက်လှမ်းနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ**
- **ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း**

**လင်းလက်**

# တစ်ခါမိုက် ဇာတ်လမ်းတွဲကို Channel K Myanmar YouTube Channel မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဇန်နဝါရီ ၇**

မာန်ထက်ချီ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် တစ်ခါမိုက် ရုပ်သံဇာတ်လမ်းတွဲကို ဇန်နဝါရီလအတွင်း Channel K Myanmar YouTube Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးခဲ့သူ ဒါရိုက်တာ အောင်ဇော်လင်းက ပြောပြ၍ သိရသည်။

တစ်ခါမိုက် ဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ၂၀၂၃ ခုနှစ် မတ်လအတွင်းက ထုတ်လွှင့်ပေးခဲ့ပြီးဖြစ်ကာ ယခု ၂၀၂၄ ခုနှစ်တွင် ပရိသတ်များ အွန်လိုင်းမှ လွယ်လင့်တကူ ထပ်မံကြည့်ရှုနိုင်ရန်အတွက် Channel K Myanmar YouTube Channel မှ ဇန်နဝါရီလအတွင်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီရုပ်သံဇာတ်လမ်းတွဲက သမားရိုးကျကနေ ခွဲထွက်လာတဲ့ ဒရာမာဇာတ်လမ်းတွဲလေးပါ။ လောဘမီး လောင်မြိုက်နေတဲ့ လူတစ်သိုက်ရဲ့ နောက်ဆက်တွဲ မောဟမီး၊ ဒေါသမီးတွေ လောင်မြိုက်နေတာကိုမြင်ရမှာပါ။ လောကမှာ ငြိမ်းသတ်ရအခက်အခဲဆုံး လောဘမီး၊ မောဟမီး၊ ဒေါသမီးတွေ လောင်မြိုက်လာရင် ဘယ်လိုတွေဖြစ်လာမလဲဆိုတာ မြင်ရမဲ့ဇာတ်လမ်းတွဲပါ။ မနှစ်က မတ်လတုန်းက Channel K ရုပ်သံလိုင်းက ထုတ်လွှင့်ပေးပြီးပါပြီ။ အခုတစ်ခါကတော့ အွန်လိုင်းကနေ အလွယ်တကူ အချိန်နေရာမရွေးကြည့်ရှုနိုင်ဖို့ Channel K Myanmar YouTube Channel ကနေ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်" ဟု ဒါရိုက်တာ အောင်ဇော်လင်းက ပြောပြသည်။

တစ်ခါမိုက် ဇာတ်လမ်းတွဲသည် အက်စစ်၏ဇာတ်လမ်းကို အေးသီရိကိုက ဇာတ်ညွှန်းရေးသားထားခြင်းဖြစ်ပြီး မာန်ထက်ချီ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ အောင်ဇော်လင်းက ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဟိန်းဝေယံ၊ မင်းဦး၊ အောင်လေး၊ ခိုင်နှင်းဝေ၊ ရတနာဗိုလ်၊ ချောကလျာ၊ Ella ရွှေစင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Killers of the Flower Moon Apple TV+ မှ ထုတ်လွှင့်ရန် စီစဉ်

**နယူးယောက် ဇန်နဝါရီ ၇**

Killers of the Flower Moon ဇာတ်ကားကို ဇန်နဝါရီ ၁၂ ရက်တွင် Apple TV+ မှ စတင်ထုတ်လွှင့်ပြသရန် စီစဉ်ထားကြောင်း ဇန်နဝါရီ ၆ ရက် သတင်းများအရ သိရသည်။


Apple TV+အွန်လိုင်းရုပ်ရှင်ထုတ်လွှင့်ရေးကုမ္ပဏီက အဆိုပါဇာတ်ကားကို ရုပ်ရှင်ရုံများတွင် ရုံတင်ပြသပြီးနောက် အွန်လိုင်းစနစ်ဖြင့် ဆက်လက်ထုတ်လွှင့်ပြသရန် စီစဉ်ထားခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၂၀ ရက်တွင် စတင်ရုံတင်ပြသခဲ့သည့် Killers of the Flower Moon ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၄ ဒသမ ၅ သန်းထိ ရရှိထားသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ မာတင်စကော်စီစီက ရိုက်ကူးပေးထားပြီး မင်းသား လီယိုနာဒိုဒီကာပရီယို၊ ရောဘတ်ဒီနီရိုးနှင့် မင်းသမီး လီလီဂလက်စတုန်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Apple TV+သည် Killers of the Flower Moon ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာသန်း ၂၀၀ ထိ သုံးစွဲထားရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# ဓားသူရဲကောင်း မောင်ကောင်း ဇာတ်လမ်းတွဲကို M Entertainment Channel မှ ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် ဇန်နဝါရီ ၇**

ဓားသူရဲကောင်းမောင်ကောင်း ဇာတ်လမ်းတွဲကို ဇန်နဝါရီ ၁၃ ရက်တွင် M Entertainment Channel မှ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၇ နာရီတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် နေထူးနိုင်က ပြောပြ၍ သိရသည်။

ဓားသူရဲကောင်းမောင်ကောင်း ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို မိုးစက်က ရေးသားထားခြင်းဖြစ်ပြီး မိုးစက်နှင့် အောင်စိုးမင်းတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မိုးစက်က မေ့ရင်ခွင်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။




"လွန်ခဲ့တဲ့ ဂျပန်ခေတ်ကပေါ့။ အဲဒီကာလက မွေးရပ်မြေဒေသကို ဂျပန်စစ်တပ်တွေ သိမ်းပိုက်ထားတဲ့ အချိန်မှာ အများအကျိုးအတွက် တိုက်ခိုက်ရေးသမားတစ်ယောက် ပေါ်ထွန်းခဲ့ဖူးပါတယ်။ မောင်ကောင်း ဓားရေးစွမ်းရည်အပြည့်နဲ့ ဘယ်လို စွန့်စွန့်စားစားတိုက်ခိုက်ဆောင်ရွက်မလဲဆိုတာ ဒီဇာတ်လမ်းတွဲမှာမြင်ရမှာပါ"ဟု သရုပ်ဆောင် နေထူးနိုင်က ပြောပြသည်။

ဓားသူရဲကောင်း မောင်ကောင်း ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေထူးနိုင်၊ နေထက်နိုင်၊ တိုးတက်အောင်၊ သူရအောင်၊ မေသင်ဇာကိုနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Dunki ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၅၀ ရရှိလာ

**နယူးဒေလီ ဇန်နဝါရီ ၇**

ကမ္ဘာကျော် အိန္ဒိယမင်းသား ရှာရွတ်ခန်း၏ Dunki ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၅၀ ထိရရှိလာပြီဖြစ်ကြောင်း ဇန်နဝါရီ ၆ ရက် သတင်းများအရ သိရသည်။

ဟာသဒရာမာဇာတ်ကားအမျိုးအစားဖြစ်သည့် Dunki ဇာတ်ကားသည် စတင်ရုံတင်ပြသပြီး သီတင်းနှစ်ပတ်ကြာမြင့်ချိန်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၅၀ ထိ ရရှိထားခြင်းဖြစ်သည်။

Dunki ဇာတ်ကားသည် မင်းသားကြီး ရှာရွတ်ခန်း၏ ယခုနှစ်အတွင်း ရုံတင်ခဲ့သည့် တတိယမြောက်ဇာတ်ကားဖြစ်သည်။

Dunki ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် ပြီးခဲ့သည့်နှစ်အတွင်းမှာပင် ရုံတင်ခဲ့သော ရှာရွတ်ခန်း၏ ဇာတ်ကားများဖြစ်သည့် Pathaan နှင့် Jawan ဇာတ်ကားများ၏ ကမ္ဘာတစ်ဝန်းဝင်ငွေများကို လိုက်မမီမှုမရှိသေးကြောင်း သိရသည်။

Pathaan နှင့် Jawan ဇာတ်ကားနှစ်ကားစလုံးသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၁၃၀ ထိရှိသည့် ဇာတ်ကားများဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**







# ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၇**

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ယခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို MICC-1 တွင် ကျင်းပခြင်းသည် ပထမဆုံးဖြစ်ပြီး ၂၀၂၃ ခုနှစ်က နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံတွင် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်တို့အတွက် သုံးနှစ်စာဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကိုတော့ ဒီနှစ် ဖေဖော်ဝါရီ ၃ ရက်မှာ နေပြည်တော်က MICC-1 မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေနဲ့ ဇာတ်ကားစိစစ်အကဲဖြတ်တဲ့လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ပထမအဆင့်အနေနဲ့ ၂၀၂၃ ခုနှစ်အတွင်း ရုံတင်ပြသခဲ့တဲ့ဇာတ်ကား ၃၅ ကားကို စိစစ်ခဲ့ပြီး ဒုတိယအဆင့်အနေနဲ့ ဇာတ်ကား ၁၂ ကားကို ဇန်နဝါရီ ၃ ရက်က အပြီးအစီး စိစစ်ဆောင်ရွက်ပြီးဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် အကယ်ဒမီရွှေစင်ရုပ်တု၌ တပ်ဆင်မည့် ရွှေကြယ်များနှင့်ပွဲကို တက်ရောက်လာကြမည့် အကယ်ဒမီဆုရ အနုပညာရှင်၊ အတတ်ပညာရှင်များကို ရွှေစင်ရုပ်တုရင်ထိုးတံဆိပ်များ ပေးအပ်နိုင်ရေးအတွက် လိုအပ်သည့်ရွှေများကို နိုင်ငံတော်က ကျခံသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်ရွှေကြိုမောင်မယ်များကို နောက်ဆုံးဆန်ခါတင်အနေဖြင့် ရွှေကြိုမောင်မယ်အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ၁၃ ဦးတို့ကို အပြီးသတ်ရွေးချယ်ပြီးခဲ့ပြီဖြစ်ကြောင်း သိရသည်။ ASH

# Debayin Township completes harvesting over 44,000 acres of monsoon paddy this year



Monsoon paddy being harvested with the help of machinery.

**Debayin January 7**

According to statistics from the YeU Department of Agriculture, 44,649 acres of monsoon paddy planted in the monsoon crop season this year in Debayin Township, Sagaing Region, have been harvested.

"During the planting of monsoon crops this year, more than 120,000 acres of monsoon were planted in Debayin Township. At present, paddies are being harvested. To date, more than 40,000 acres have been harvested. They are still being harvested. The yields are also good," said Zaw Myint Tun, head of the Ye YeU District Agriculture Department.

During the 2023-2024 monsoon crop planting season, 122,000 acres of paddy were earmarked to be planted in the township, and 12,1577 acres were planted from June 2023 to September.

In the last monsoon crop planting season of 2022-2023, paddy cultivation in Debayin Township started from June to September 2022, and 121,558 acres of monsoon paddy were planted.

This year, the Township Department of Agriculture has been providing education for the moon paddy growers in Debayin Township to grow good strains, techniques for using natural fertilizers, and providing technology.

206

# Butalin Township completes growing over 2,500 acres of maize this year

**Butalin January 7**

During the 2023-2024 winter crop planting season, 2,942 acres of maize have been earmarked for planting in Butalin Township, and 2,593 acres have been cultivated since October 2023, according to the Butalin Township Department of Agriculture.

"This year, more than 2,900 acres of maize have been planted in Butalin Township, and more than 2,500 acres have already been planted. We are working to ensure that the allotted acres are fully planted. We are launching awareness for the success of cultivation, and prevention of the spread of pests," said U Phyo Wai, head of Butalin Township Agriculture Department.

In the previous 2022-2023 fiscal year in Butalin Township,2,942 acres of maize were grown from October 2022 until December.

In addition, during the 2023-2024 monsoon crop planting season, 10,060 acres of maize were earmarked for planting in Butalin Township, and 9,912 acres were planted from May to September this year.

This year, the Township Department of Agriculture provided training to those who planted maize in Butalin Township, and conducted field demonstrations. Moreover, knowledge about pest prevention and cultivation methods is being disseminated.

206



A maize plantation.

# Authorities open 9 pilot project courses to create small manufacturing businesses and increase income in four districts

**Mandalay January 7**

A total of nine pilot project courses are already opened to create small manufacturing businesses and increase income in PyinOoLwin, Kyaukse, NyaungU and Yamethin districts in Mandalay from July in this fiscal year, said U Win Bo, director of the Small Scale Industries Department in Mandalay Region.

"We are providing the development of the lives of rural people and the emergence of entrepreneurs. As for the rest of the sectors, we are also providing training for the emergence of entrepreneurs according to the fiscal year. In this fiscal year, we have earmarked eight vocational education courses to be opened and taught for the project. Currently, we have been able to open and teach nine courses for the rural people," he explained.

The four projects are one village product project, a project to create employment opportunities for young people, income improvement project for women, and developing modern model villages and implemented projects to increase the income of the rural people.

185

# Suspected U.S. drone attack in E. Syria injures 2 Iran-affiliated fighters: war monitor

**Damascus January 7**

Two members of Iran-affiliated militias were seriously injured in an attack by a suspected U.S. drone strike in the eastern Syrian province of Deir al-Zour on Sunday, a war monitor reported.

The incident happened when a suspected U.S. drone struck an alleged weapon-laden truck of Iranian-backed militias that had crossed from Iraq into Syria on the road between the town of Al-Ghbeira and Al-Hamdan airport in the eastern countryside of Deir al-Zour, said the Syrian Observatory for Human Rights.

The Britain-based war monitor said the injured people were taken to the hospital for treatment amid the militias' heightened security measures.

Following the drone attack, the militias redeployed and canceled a training course at one of their camps near the Al-Hamdan Airport.

Since the beginning of the Israel-Hamas conflict on Oct. 7, Iran-affiliated militias have increased their attacks on U.S. bases in Syria in retaliation for the U.S. backing of Israel. According to the war monitor, the number of such attacks has reached nearly 80 times.

Xinhua

# 128 killed, 195 missing in Japan's quake-hit Ishikawa prefecture

**Tokyo January 7**

The death toll reached 128 in the central Japanese prefecture of Ishikawa on Sunday, six days after a series of earthquakes of up to 7.6 magnitude struck the prefecture and its vicinity.

In addition, 560 people in Ishikawa suffered injuries due to the quakes, with 195 residents in the prefecture still unaccounted for as of 2 p.m. local time (0500 GMT) as rescue operations continued in the quake-hit areas, according to local authorities.

A woman in her 90s trapped under the rubble was pulled out from a collapsed house in Suzu City, Ishikawa prefecture, at around 8:20 p.m. local time on Saturday.

A doctor said Sunday that the elderly woman who was rescued 124 hours after Monday's powerful earthquake has recovered enough to have conversations.

According to the emergency rescue team, it is rare for people to be rescued beyond 72 hours after the quake, as the chance of survival in a disaster is said to drop significantly after the first three days.

Prime Minister Fumio Kishida said Sunday that the government will designate the quake as a specified emergency disaster to give preferential treatment to those affected, such as extending the validity period of driver's licenses and postponing bankruptcy proceedings.

Japan's weather agency warned of traffic disruptions as heavy snowfall is expected to blanket disaster-hit areas, with Ishikawa likely to get up to 60 centimeters of snow through Monday morning.

Xinhua

# Einme Township completes harvest of more than 140,000 acres of monsoon paddy


Farm workers putting harvested paddy into bags.

**Einme January 7**

A total of 143,010 acres of monsoon paddy has been cultivated in Einme Township of Ayeyawady Region, accounting for 100 per cent, said U Kyaw Moe Win, Head of Myaungmya District Agriculture Department.

The township set a target of growing 143,101 acres of monsoon paddy, and cultivation of paddy started in the second week of December 2023. So far, a total of 143,010 acres of paddy have been cultivated. Such paddy yielded 90.06 baskets per acre.

“Local farmers cultivated monsoon paddy exceeding the target of 143,000 acres in Einme Township. The departmental officials provided agricutural techniques to local farmers in harvesting paddy and necessaryi inputs before cultivation. Moreover, the Agriculture Department and related departments in assisting in smooth cultivation of paddy,” said U Kyaw Moe Win.

Local farmers used Pawsan, Theehtetyin, 90-day. GW-11 GW-1, Pakhan, Ayeyamin, Manaw Thukha, Kyapyan, Hsinthulha, Hnankar and Myeedon paddy strains. The departmental officials cooperate with local farmers in minimizing loss and waste of paddy, increasing per-acre yield and having quality paddy.

Kyaw Kyaw Lin

# Kyonpyaw Township plans to grow more than 5,000 acres of cold season green gram

**Kyonpyaw January 7**

Head of Kyonpyaw Township Agriculture Department U Kyaw Kyaw Thwin stated that the township plans to place 5,366 acres of croplands under green gram as a cold season.

Local farmers will start cultivation of 5,366 acres of green gram this cold season cultivation season. It wil start in the first week of January 2024. The Agriculture Department, the Agricultural Mechanization Department, and the Irrigation and Water Utilization Management Department will join hands among them to help local farmers grow green gram at cent per cent.

“Township Agriculture Department provides agricultural techniques to local farmers for meeting the target of growing green gram. In 2023-24 financial year, they will grow more than 5,000 acres of green gram. Departmental personnel will help local farmers be free from pests at the croplands,” said U Kyaw Kyaw Thwin.


A green gram plantation.

Officials of the Township Agriculture Department make field trips to the grassroots level for ensuring high yield of gram, for having high quality, preventing pests and systematically using pesticides. The township could yield 45 baskets of green gram last year and this year, the township set a target of yielding more than 50 baskets per acre.

Kyaw Kyaw Lin

# More than 70,000 aces of monsoon paddy harvested in Pathein Township

**Pathein January 7**

Pathein Township of Ayeyawady Region has cultivated harvest of 70,440 acres of monsoon paddy, said U Win Soe, Head of Pathein District Agriculture Department.

A total of 91,346 acres of monsoon paddy was cultivated in Pathein Township. Of them, 70,440 acres of monsoon paddy has been harvested in the township since the first week of October 2023, yielding 90.46 baskets per acre.

“We earmarked cultivation of 91,346 acres of monsoon paddy this cultivation season. So far, 70,440 acres of monsoon paddy has been harvested. Remaining paddy is being harvested. The Township Agriculture Department gives assistance for local farmers in smooth cultivation of monsoon paddy and other crops. Moreover, our department contacted other departments to distribute fertilizers and other inputs to local farmers,” said U Win Soe.

Agricultural staff help local farmers be free from pests and snails, have quality of paddy and ensure smooth harvest in cooperation with staff from relevant departments and agricultural companies.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Ngaputaw Township harvests more than 120,000 acres of monsoon paddy this year

**Ngaputaw January 7**

Head of Ngaputaw Township Agriculture Department U Tun Myo Thant said that the township has completed harvest of 127,678 acres of monsoon paddy.

Local farmers started cultivation of 143,023 acres of monsoon paddy in the township in the monsoon crop cultivation season in the first week of June 2023. These paddy plantations have been harvested since the second week of October 2023. So far, they have cultivated 127,678 acres of monsoon paddy and they continue cultivation of remaining paddy plantations.

“Currently, we are harvesting monsoon paddy. So far, we have harvested 127,678 acers of monsoon paddy. Township Agriculture Department provides agricultural inputs to local farmers so as to grow paddy in time and help local farmers get high yield of monsoon paddy. Now, we saw high yield of paddy,” he explained.

Local farmers have 86.85 baskets per acre of monsoon paddy. There remain 15,345 acres of monsoon paddy to be harvested.

Kyaw Kyaw Lin


Paddy being harvested with the help of machinery in Ngaputaw Township.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဆလိုဗက်ကီးယားနိုင်ငံ စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်က M-SHORAD လက်နက်စနစ်ကို အသုံးပြုခဲ့



ဆလိုဗက်ကီးယားနိုင်ငံရှိ Lest Training Area ၌ စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်ကြည်းတပ်သည် ၎င်း၏ခေတ်မီဆန်းသစ်သော Maneuver Short-Range Air Defense System (M-SHORAD) တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို အသုံးပြုခဲ့ကြောင်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်တွင် Stars and Stripes သတင်းဌာန၏ ရေးသားချက်များအပေါ် ကိုးကား၍ www.armyrecognition.com သတင်းဌာနက ဇန်နဝါရီ ၂ ရက်တွင် ရေးသားဖော်ပြထားသည်။

M-SHORAD လက်နက်စနစ်သည် အမေရိကန်ကြည်းတပ်၏ တာတိုပစ် လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်ကို ပြန်လည်မွမ်းမံပြင်ဆင်ရာတွင် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အမှတ်(၄) လေကြောင်းရန်ကာကွယ်ရေးအမြောက်တပ်ရင်းကြီး၊ အမှတ်(၅) တပ်ရင်းမှ စွမ်းနိုင်သူ (Able) တပ်ခွဲ၏ အမှတ်(၁) တပ်စုမှတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်လျက်ရှိသည်။

စွမ်းနိုင်သူတပ်ခွဲ၏ အမှတ်(၁)တပ်စုသည် ပိုလန်နှင့် ရိုမေးနီးယားနိုင်ငံတွင် တပ်စွဲထားသော အခြားတပ်စုနှစ်ခုနှင့်အတူ M-SHORAD လက်နက်စနစ်ကို တိုက်ပွဲဝင် တပ်ဖြန့်လုပ်ဆောင်မှုသည် ပထမဆုံး စစ်ဆင်ရေးဆိုင်ရာ လေ့ကျင့်အသုံးပြုခြင်းလည်းဖြစ်သည်။ အထူးသဖြင့် ယူကရိန်းနှင့် အရှေ့အလယ်ပိုင်းကဲ့သို့ ဒေသများတွင် ပေါ်ပေါက်လာသောခြိမ်းခြောက်မှုများနှင့် နည်းဗျူဟာဆိုင်ရာ တိုးတက်ဖွံ့ဖြိုးလာမှုများကြောင့် အမေရိကန် ကြည်းတပ်၏ လေကြောင်းရန်ကာကွယ်ရေးချဉ်းကပ်မှုတွင် မဟာဗျူဟာမြောက် ပြောင်းလဲကျင့်သုံးလာမှုကို အလေးပေး ဖော်ပြနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

M-SHORAD လက်နက်စနစ်ကို တပ်ဖြန့်ချထားမှုသည် ရန်ဘက်နိုင်ငံများအပေါ် စိုးရိမ်ပူပန်မှုများ တိုးလာနေသည့်အတွက် တိုက်ရိုက်တုံ့ပြန်မှုတစ်ခုအဖြစ် ရှုမြင်နိုင်ပြီး အမေရိကန်ကြည်းတပ်၏ ကာကွယ်ရေးစွမ်းရည်များ သိသိသာသာ တိုးတက်လာမှုကို အချက်ပြနေခြင်းဟုလည်း မှတ်ယူနိုင်သည်။

M-SHORAD လက်နက်စနစ်သည် ရန်သူဒရုန်းများ၊ ရဟတ်ယာဉ်များနှင့် အနိမ့်ပျံလေယာဉ်များ၏ ခေတ်မီစိန်ခေါ်မှုများအတွက် နောက်ဆုံးပေါ် အဖြေရှာမှုကို ကိုယ်စားပြုနေသည်။ လှုပ်ရှားစစ်ကစားနိုင်မှုမြင့်မားကောင်းမွန်သော Stryker 8x8 သံချပ်ကာယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် M-SHORAD လက်နက်စနစ်သည် မတူကွဲပြားသောရွေ့လျားစစ်ကစားနိုင်မှုနှင့် ပြောင်းလွယ်ပြင်လွယ်ရှိစွာ တပ်ဖြန့်တိုက်ပွဲဝင်နိုင်မှုတို့ကို ပိုင်ဆိုင်ထားပြီး အမျိုးမျိုးသောလေကြောင်းခြိမ်းခြောက်မှုအန္တရာယ်များကိုတန်ပြန်နိုင်ရန် မြေပြင်တပ်ဖွဲ့များအတွက် မရှိမဖြစ်လိုအပ်သော လေကြောင်းရန်ကာကွယ်ရေးကို ပံ့ပိုးပေးနိုင်သည်။

အဓိကအားဖြင့် M-SHORAD လက်နက်စနစ်သည် ရှစ်ဘီးတပ် Stryker A1 နှင့် ပေါင်းစပ်ထားမှုကြောင့် ထူးခြားသော ရွေ့လျားစစ်ကစားနိုင်မှုကိုပိုင်ဆိုင်ထားခြင်းဖြစ်သည်။ ၎င်းသည် တိုက်ခိုက်ရေးဇုန်များတွင် လျင်မြန်စွာပြန်လည်နေရာချထားနိုင်စေပြီး စဉ်ဆက်မပြတ် လိုက်လျောညီထွေရှိသော လေကြောင်းရန်ကာကွယ်ရေး လွှမ်းခြုံကာကွယ်နိုင်စွမ်းကို ပိုင်ဆိုင်ထားနိုင်မည်ဖြစ်သည်။

အဆိုပါစနစ်သည် ခရုဇ်ဒုံးကျည်များ၊ ဒရုန်းများ၊ လျင်မြန်စွာရွေ့လျားနေသော တောင်ပံပုံသေတပ် လေယာဉ်များနှင့် ရဟတ်ယာဉ်များအပါအဝင် အမျိုးမျိုးသော ခြိမ်းခြောက်မှုများကိုတန်ပြန်ရန် အထူးကောင်းမွန်သည်။ တာတိုပစ်၊ ရွေ့လျားစဉ်ပစ်ခတ်တိုက်ပွဲဝင်နိုင်စွမ်းရှိသော လေကြောင်းရန်ကာကွယ်ရေးလက်နက်အဖြစ် ၎င်း၏အဓိကလုပ်ဆောင်ချက်မှာ မြေပြင်တပ်များကို လေကြောင်းတိုက်ခိုက်မှုများမှ ကာကွယ်ရန်ဖြစ်ပြီး ပဋိပက္ခဖြစ်ပွားရာဒေသများကို ဖြတ်ကျော်မောင်းနှင်လာစဉ် မိမိတိုက်ယာဉ်အတွက် ဘေးကင်းလုံခြုံမှုကို အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**US Army Deploys Its New M-SHORAD Air Defense Vehicle for the First Time During Exercise in Slovakia ကို ဘာသာပြန်ဆိုထားပါသည်။**

## ပိုလန်နိုင်ငံက KAI FA-50GF အပေါ့စားတိုက်လေယာဉ် ၁၂ စင်းကို တောင်ကိုရီးယားထံမှ ပထမအသုတ်လက်ခံရရှိ

ပိုလန်လေတပ်သည် KAI FA-50GF အပေါ့စားတိုက်လေယာဉ် ၁၂ စင်းကို တောင်ကိုရီးယားနိုင်ငံထံမှ ပထမအသုတ် လက်ခံရရှိခဲ့ကြောင်း Air Data News သတင်းဌာနက ဇန်နဝါရီ ၁ ရက်တွင် ရေးသားဖော်ပြထားသည်။

ပိုလန်နိုင်ငံ၏ တောင်ကိုရီးယားထံမှ တိုက်လေယာဉ်ဝယ်ယူရေး သဘောတူညီချက်တွင် နောက်ထပ် FA-50PL တိုက်လေယာဉ် ၃၆ စင်းကျန်ရှိနေပြီး အဆိုပါတိုက်လေယာဉ်များကိုမူ ၂၀၂၅ ခုနှစ်တွင် ရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

ပိုလန်လေတပ်တွင် KAI FA-50GF အပေါ့စားတိုက်လေယာဉ်များ သို့မဟုတ် Block 10 ဗားရှင်း၏ ပထမဆုံးအသုတ်အတွက် စုံလင်စွာလက်ခံရရှိထားပြီဖြစ်သည်။ ပထမဆုံးအသုတ် တိုက်လေယာဉ် ၁၂ စင်းကို လတ်တလောတွင် Minsk Mazowiecki မြို့ရှိ အမှတ်(၂၃)လေတပ်စခန်း၌ အခြေပြုတပ်ဖြန့်ထားသည်။

ပိုလန်နိုင်ငံသည် KAI FA-50GF တိုက်လေယာဉ်များ ဝယ်ယူရေးသဘောတူစာချုပ်ကို ၂၀၂၂ ခုနှစ်က တောင်ကိုရီးယားနိုင်ငံ Korean Aerospace Industries ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး စုစုပေါင်းတိုက်လေယာဉ် ၄၈ စင်း ဝယ်ယူခဲ့ခြင်းလည်းဖြစ်သည်။

၂၀၂၃ ခုနှစ်အကုန် လွှဲပြောင်းပေးပို့မှုပြီးစီးခဲ့သော ပထမအသုတ်တွင် တောင်ကိုရီးယားနိုင်ငံလေတပ် (RO-KAF)စံနှုန်းများအတိုင်း KAI FA-50GF တိုက်လေယာဉ် ၁၂ စင်းပါဝင်ပြီး အချို့မှာ တစ်ပါတည်းတပ်ဆင်ထားပြီး ရောက်ရှိလာခြင်းဖြစ်သည်။

FA-50PL အပေါ့စားတိုက်လေယာဉ် ၃၆ စင်းပါရှိသော ဒုတိယအသုတ်ကို ပိုလန်နိုင်ငံလေတပ်က သတ်မှတ်ပေးထားသည့် နည်းပညာဆိုင်ရာအချက်အလက်များအတိုင်း ထုတ်လုပ်သွားမည်ဖြစ်ပြီး လွှဲပြောင်းပေးပို့မှုများကို၂၀၂၅ ခုနှစ်တွင် စတင်မည်ဖြစ်ကာ ၂၀၂၇ ခုနှစ် သို့မဟုတ် ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးမြှင့်လုပ်ဆောင်သွားရန် ရှိနေသည်။

T-50 Golden Eagle အဆင့်မြင့်လေ့ကျင့်ရေး အမောင်းသင်လေယာဉ်မှ တိုးတက်ထုတ်လုပ်ထားသော KAI FA-50GF တိုက်လေယာဉ်များကို ပိုလန်လေတပ်အနေဖြင့် F-16 Fighting Falcon တိုက်လေယာဉ်များကို အင်အားဖြည့်အသုံးပြုမည်ဖြစ်သည်။ ပိုလန်နိုင်ငံသည် ပဉ္စမမျိုးဆက် F-35 Lightning II တိုက်လေယာဉ်များကိုလည်း မှာယူထားကြောင်း သိရသည်။

Block 20 မှ FA-50PL တိုက်လေယာဉ်ဗားရှင်းတွင် Raytheon Phantom Strike AESA ရေဒါ၊ AN/AAQ-33



Target Designator Pod၊ AIM-9X နှင့် AIM-120 ဒုံးကျည်များကဲ့သို့သော ခေတ်မီပြီး စွမ်းဆောင်ရည်မြင့်မားသော စက်ပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုထားသည်။ ထို့ပြင် NATO စံနှုန်းမီ Link Systems -16 နှင့် Identification Facility (IFF) ရန်သူ၊ မိတ်ဆွေခွဲခြားရေးစနစ်များ အသုံးပြုထားသည်။

တောင်ကိုရီးယားထုတ် တိုက်လေယာဉ်ကို အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီ၏ပံ့ပိုးမှုဖြင့် တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီး နောက်ပိုင်းတွင် F-16 နှင့် အနည်းငယ် ဆင်တူလာသည်။ KAI FA-50GF တိုက်လေယာဉ်တွင် ပေါင် ၁၇၇၀၀ ရှိသော ပင့်တင်အားသုံး အိတ်ဇောစနစ်ဖြင့် General Electric F404 အင်ဂျင်တပ်ဆင်ထားသည်။ အမြင့်ဆုံးအမြန်နှုန်းမှာ Mach 1.5 ဖြစ်ပြီး လေယာဉ်၏ စစ်ဆင်နိုင်မှုအကွာအဝေးမှာ ကီလိုမီတာ ၁၈၀၀ ဖြစ်သည်။ အမြင့်ဆုံးပျံတက်နိုင်သည့် အလေးချိန်မှာ ၁၂ ဒသမ ၃ တန်ဖြစ်ပြီး လက်နက်တပ်ဆင်နိုင်စွမ်း ၄ ဒသမ ၅ တန်ထိ သယ်ဆောင် တိုက်ပွဲဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Poland already has the first batch of 12 KAI FA-50GF light fighters ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရွှေတိဂုံစေတီတော်သို့ ၂၀၂၃ ခုနှစ် တစ်နှစ်တာကာလအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူးရဟန်းရှင်လူ၊ ပြည်သူဦးရေ ၁၂၄ သိန်း လာရောက်ဖူးမြော်



**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်သို့ ၂၀၂၃ ခုနှစ် တစ်နှစ်တာကာလအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ရဟန်းရှင်လူ၊ ပြည်သူဦးရေ ၁၂၄ သိန်း လာရောက် ဖူးမြော်ခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်သို့ ၂၀၂၃ ခုနှစ် တစ်နှစ်တာကာလအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ရဟန်းရှင်လူ၊ ပြည်သူများ လာရောက်ဖူးမြော်မှုအနေဖြင့် သံဃာတော်အပါး ၁၅ သိန်း၊ သာသနာနွယ်ဝင်သီလရှင်အပါး ခုနစ်သိန်း၊ အမျိုးသားဦးရေ ၄၇ သိန်းနှင့် အမျိုးသမီးဦးရေ ၅၅ သိန်း စုစုပေါင်းဦးရေ ၁၂၄ သိန်းရှိကြောင်း သိရသည်။

အလားတူ တစ်နှစ်တာကာလအတွင်း ပြည်ပမှ ခရီးသွားများ ဝင်ရောက်မှုအနေဖြင့် ဦးရေ ၈၀၃၈၀ ဝင်ရောက်ထားပြီး ထိုင်း၊ တရုတ်၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့က အများဆုံးဖြစ်ကြောင်း သိရသည်။

"ရွှေတိဂုံစေတီတော်ကို ဘုရားဖူးလာရောက်မှုအနေနဲ့ဆိုရင် ပုံမှန်ရုံးဖွင့်ရက်တွေမှာ တစ်ရက်ကို ဘုရားဖူးအယောက် ၂၀၀၀၀ လောက်ရှိပြီး စနေ၊ တနင်္ဂနွေနေ့တို့တွေမှာ တစ်ရက်ကို ဘုရားဖူးအယောက် ၄၀၀၀၀ ကနေ ၅၀၀၀၀ လောက်ထိရှိပါတယ်။ နိုင်ငံခြားခရီးသွားဧည့်သည် လာရောက်မှုအနေနဲ့ ဇန်နဝါရီလမှာ ၅၃၀၉ ယောက်၊ ဖေဖော်ဝါရီလမှာ ၆၁၆၂ ယောက်၊ မတ်လမှာ ၉၄၁၄ ယောက်၊ ဧပြီလမှာ ၅၃၉၅ ယောက်၊ မေလမှာ ၆၃၁၅ ယောက်၊ ဇွန်လမှာ အယောက် ၅၈၅၀၊ ဇူလိုင်လမှာ ၆၆၈၁ ယောက်၊ ဩဂုတ်လမှာ ၆၄၄၂ ယောက်၊ စက်တင်ဘာလမှာ ၆၁၁၅ ယောက်၊ အောက်တိုဘာလမှာ အယောက် ၇၀၈၀၊ နိုဝင်ဘာလမှာ ၈၂၁၈ ယောက်နဲ့ ဒီဇင်ဘာလမှာ ၇၃၉၉ ယောက် စုစုပေါင်းအယောက် ၈၀၃၈၀ ဝင်ရောက်ခဲ့တာဖြစ်ပါတယ်"ဟု ဦးဘိုးသင်းက ပြောပြသည်။

လက်ရှိကာလတွင် ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာဖူးမြော်နိုင်ရန် ရွှေတိဂုံစေတီတော်ကို နံနက် ၅ နာရီမှ ည ၉ နာရီထိ ဘုရားဖူးချိန်ကို စီစဉ်ပေးထားကြောင်း သိရသည်။

ASH

# စလင်းမြို့နယ် နေပူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကျပင်းကျေးရွာအုပ်စု နေပူကန်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက ရန်ပုံငွေကျပ် ၅၀ ဒသမ ၁ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။



ထို့နောက် နေပူကန်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို ငွေကျပ် ၅၀ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူထံမှ သိရသည်။

**သန်းသန်းရိုး**

# တာချီလိတ်မြို့နယ် တာကြန့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**တာချီလိတ် ဇန်နဝါရီ ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာကြန့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းနှင့်တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်သည့် တာချီလိတ်မြို့နယ် တာကြန့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို မှာကြားသည်။

တာချီလိတ်မြို့နယ် တာကြန့်ကျေးရွာတွင် လမ်းအရှည်ပေ ၆၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၇-၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၈၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်ထိ ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၈ သန်းကျော်ရရှိခဲ့

### (၂၃-၁၂-၂၀၂၃ မှ ၂၉-၁၂-၂၀၂၃ ) ရက်နေ့ထိ ရက်သတ္တပတ်တွင် ပို့ကုန်လိုင်စင်ထုတ်ပေးမှုနှင့် အမှန်တင်ပို့မှုစာရင်း

တန်ဖိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး |
| ၁ | ပို့ကုန်လိုင်စင် | ၂၀၀၀ | ၁၁၂၄.၂၅၁ | ၂၀၄ | ၁၅၄.၄၇၅ | ၂၂၀၄ | ၁၂၇၈.၇၂၆ |
| ၂ | အမှန်တင်ပို့မှု | | ၁၈၆.၇၁၉ | | ၉၁.၇၅၄ | | ၂၇၈.၄၇၃ |
| (က) | လယ်ယာထွက်ပစ္စည်း | | ၆၃.၆၇၆ | | ၁၇.၂၆၇ | | ၈၀.၉၄၃ |
| ( ခ ) | တိရစ္ဆာန်ထွက်ပစ္စည်း | | ၀.၀၈၆ | | ၀.၁၀၀ | | ၀.၁၈၆ |
| ( ဂ ) | ရေထွက်ပစ္စည်း | | ၆.၈၀၄ | | ၃.၅၁၀ | | ၁၀.၃၁၄ |
| (ဃ) | သတ္တုတွင်းထွက်ပစ္စည်း | | ၁၀.၂၃၆ | | ၀.၁၃၄ | | ၁၀.၃၇၀ |
| ( င ) | သစ်တောထွက်ပစ္စည်း | | ၀.၆၈၅ | | | | ၀.၆၈၅ |
| ( စ ) | စက်မှုကုန်ချောပစ္စည်း | | ၉၂.၈၉၁ | | ၇၀.၄၉၂ | | ၁၆၃.၃၈၃ |
| (ဆ) | အခြားပစ္စည်းများ | | ၁၂.၃၄၁ | | ၀.၂၅၁ | | ၁၂.၅၉၂ |

**နေပြည်တော် ဇန်နဝါရီ ၇**

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်ထိ ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၈ သန်းကျော်ရရှိခဲ့ပြီး ယခုရက်သတ္တပတ်တွင် လယ်ယာထွက်ကုန်များမှ ဆန်၊ ပြောင်း၊ ရော်ဘာစိမ်းနှင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲယဉ်း၊ စွန်တာနီပဲ၊ စွန်တာပြာပဲ၊ ပဲနီကျား၊ မြေပဲဆံတို့ ပိုမိုတင်ပို့နိုင်ခဲ့ကာ စားဖိုဆောင်သီးနှံများဖြစ်သည့် ငရုတ်၊ ချင်း၊ မန်ကျည်းသီး၊ နနွင်းတက်၊ ကြက်သွန်နီများကိုလည်း တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ယီမင်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နိုင်ငံဈေးကွက်များသို့ ပမာဏများများတင်ပို့လျက်ရှိသည်။

မြန်မာ့ပဲမျိုးစုံ၏ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံသည် မတ်ပဲ၊ ပဲစင်းငုံ လွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၅ ခုနှစ် မတ်လအထိ တစ်နှစ်သက်တမ်းတိုးလိုက်ပြီး ယခုနှစ် အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်အရ ဝယ်လိုအားများလျက်ရှိသည်။ ယခုအပတ် အိန္ဒိယဈေးကွက်၌ မတ်ပဲတစ်တန်လျှင် ရူပီး ၈၆၀၀၀ မှ ၈၈၀၀၀၊ ပဲစင်းငုံတစ်တန်လျှင် ရူပီး ၉၀၅၀၀ မှ ၉၃၀၀၀ အထိ ပေါက်ဈေးရှိပြီး လက်ရှိပဲရာသီ၌ ပြည်တွင်းဈေး ပဲစင်းငုံမှာ တစ်တန်လျှင် ငွေကျပ် ၃၃ သိန်းကျော်၊ မတ်ပဲ(FAQ)မှာ တစ်တန်လျှင် ငွေကျပ်သိန်း ၃၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပြည်ပပို့ကုန် အလားအလာသည် ဝယ်လက်နိုင်ငံများ၏ ပြည်တွင်းလိုအပ်ချက်၊ ဈေးနှုန်းရရှိမှုအပေါ် မူတည်လျက်ရှိပြီး မိမိတို့နိုင်ငံအနေဖြင့် အလားအလာရှိသော ပြည်ပဈေးကွက်များသို့ ပိုမိုတိုးတက်တင်ပို့နိုင်ရေးကို စိုက်ပျိုးသူတောင်သူများ၊ ကုန်ထုတ်လုပ်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများအားလုံး ပေါင်းစပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုရက်သတ္တပတ်၌ နိုင်ငံပိုင်ကဏ္ဍက မြန်မာ့ကျောက်မျက်ရတနာပြပွဲများတွင် ရောင်းချထားသည့် ကျောက်စိမ်း ၄၁၃၉ ကီလိုကို တရုတ်နိုင်ငံသို့လည်းကောင်း၊ ကျောက်စိမ်း ၃၉၁၈ ကီလိုကို ဩစတြေးလျနိုင်ငံသို့လည်းကောင်း လေကြောင်းလိုင်းဖြင့် တင်ပို့ခဲ့သည်။ ပုဂ္ဂလိကကုမ္ပဏီအသီးသီးကလည်း အခြား ခဲ၊ သွပ်၊ ကြေးနီ၊ သတ္တုတွင်းထွက်ပစ္စည်းများ တန်ဖိုး အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်ကို တရုတ်၊ ထိုင်း၊ ကိုရီးယား၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့မှုရှိသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုမှ ပြည်ပပို့ကုန်တိုးတက်လာစေရေးကို အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ရေမြေသဘာဝအလျောက် အရည်အသွေးရှိသော သဘာဝတွင်းထွက် ထုတ်ကုန်ကုန်ကြမ်းများကို တီထွင်ဆန်းသစ်သောနည်းလမ်းများဖြင့် အဆင့်မြှင့်တင်ပြီး တင်ပို့နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ယခုရက်သတ္တပတ်ပို့ကုန်တင်ပို့နိုင်မှုအခြေအနေကို ဖော်ပြတိုက်တွန်းထားသည်။

### အဓိကပို့ကုန်အများဆုံး (၁၀)မျိုး စာရင်း
### ၁-၄-၂၀၂၃ မှ ၂၉-၁၂-၂၀၂၃ နေ့အထိ

တန်ဖိုး- အမေရိကန်ဒေါ်လာသန်း

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| ၁ | ချုပ်ပြီးအထည် | ခု | ၅၀၈၆၁၁၀၉၆ | ၃၂၅၇.၇၅၁ |
| ၂ | သဘာဝဓာတ်ငွေ့ | MMBTU | ၂၅၆၄၀၈၆၁၀ | ၂၄၉၁.၈၁၄ |
| ၃ | မတ်ပဲ | တန် | ၅၇၉၇၅၆ | ၅၂၉.၆၇၃ |
| ၄ | ဆန်+ဆန်ကွဲ | တန် | ၉၉၀၀၈၆ | ၄၇၈.၂၆၉ |
| ၅ | ပြောင်း | တန် | ၉၃၄၈၈၃ | ၂၇၉.၀၄၂ |
| ၆ | ငါး | တန် | ၂၂၃၀၁၄ | ၂၅၈.၇၄၈ |
| ၇ | ပဲတီစိမ်း | တန် | ၂၉၉၈၅၀ | ၂၀၃.၂၀၁ |
| ၈ | ရော်ဘာစိမ်း | တန် | ၁၁၄၈၅၅ | ၁၄၄.၀၄၆ |
| ၉ | ပဲစင်းငုံ | တန် | ၁၁၆၇၆၉ | ၁၀၅.၀၂၄ |
| ၁၀ | သတ္တုနှင့် သတ္တုရိုင်းများ | တန် | ၈၄၉၂၇ | ၈၅.၉၆၂ |

### ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံ(၁၀)စာရင်း
### ၁-၄-၂၀၂၃ မှ ၂၉-၁၂-၂၀၂၃ နေ့အထိ

တန်ဖိုး- အမေရိကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံ | တန်ဖိုး |
|---|---|---|
| ၁ | ထိုင်း | ၂၆၆၉.၅၆၇ |
| ၂ | တရုတ် | ၂၂၀၅.၆၃၁ |
| ၃ | ဂျပန် | ၈၆၂.၂၃၂ |
| ၄ | အိန္ဒိယ | ၆၂၇.၀၄၈ |
| ၅ | အမေရိကန် | ၄၄၂.၄၇၂ |
| ၆ | ဂျာမနီ | ၄၀၃.၀၀၂ |
| ၇ | ပိုလန် | ၃၆၈.၃၄၆ |
| ၈ | စပိန် | ၃၃၃.၀၅၉ |
| ၉ | တောင်ကိုရီးယား | ၂၉၃.၆၂၄ |
| ၁၀ | အီတလီ | ၂၃၈.၂၄၂ |

# ခမ်းပတ်မြို့ ကနန်းစံပြကျေးရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကို တပ်မတော်က လေယာဉ်ဖြင့် ဗုံးကြဲချမှု ကလေးငယ် နှစ်ဦးအပါအဝင် ပြည်သူ ၁၁ ဦးသေဆုံးဟု သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ခမ်းပတ်မြို့ ကနန်းစံပြကျေးရွာ အမှတ်(၅) ရပ်ကွက်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကို လေယာဉ်ဖြင့် ဗုံးကြဲမှုကြောင့် ကလေးငယ် နှစ်ဦးအပါအဝင် ပြည်သူ ၁၁ ဦးသေဆုံးသည်ဟု အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာ ခေတ်သစ်မှ သတင်းတု၊သတင်းမှားများကို ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယနေ့နံနက်ပိုင်းတွင် လေကြောင်းပျံသန်းမှုမရှိကြောင်း သိရှိရပြီး တပ်မှ ဗုံးကြဲသည်ဆိုသည်မှာ သတင်းအမှားသာဖြစ်ကြောင်း သတင်းရရှိပါသည်။

အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများသည် သတင်းတု၊သတင်းမှားများကို အချိန်နှင့်တစ်ပြေးညီရေးသားဖြန့်ဝေလျက်ရှိပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဝါဒဖြန့်လှုံ့ဆော်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။



# ငပုတောမြို့နယ် ပျဉ်းကတိုးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ငပုတော ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပျဉ်းကတိုးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ၌ ငပုတောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်စိုးဝင်းနှင့်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ပျဉ်းကတိုးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်အသုံးပြုနိုင်ရေးပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပျဉ်းကတိုးကျေးရွာ၌ အရှည်ပေ ၉၁၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုအနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ပထမပတ်မှစ၍ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ပျဉ်းကတိုးကျေးရွာနေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးဝင်း၏ ပြောပြချက်အရ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံး၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် ဇန်နဝါရီ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ကျိုက်ထိုမြို့နယ် မြို့ရှောင်လမ်းအနီး၌ တရားမဝင် အခြားသစ် ၃ ဒသမ ၅၉၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၈၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် 100% Polyester Woven Fabric အထုပ် ၈၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubi-shi Fuso တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၂၉၇ တန်၊ သစ်မာ ၃ ဒသမ ၈၈၂ တန်နှင့် အခြားသစ် ၄ ဒသမ ၂၅၂ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၄၈၂၇၆ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၉၈၂၇၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ ဇန်နဝါရီ ၆ ရက်၌ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် မန္တလေးမြို့အဝင် မြစ်ငယ်တံတားအနီး၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် ရန်ကုန်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ခေါင်းစွပ်ဦးထုပ် အခု ၁၃၅၀၊ ထိုင်းနိုင်ငံထုတ်ဆပ်ပြာခဲဘူး ၄၁၄၄၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၉၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၀၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု အမှုတွဲ ရှစ်မှုမှခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၉၁၄၁၃၆ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**☆ တင်းနစ်ပြိုင်ပွဲမှ**

အကြိတ်အနယ်ရှိသည့် ပွဲစဉ်ဖြစ်ကာ ပွဲကစားချိန် ၂ နာရီခွဲကြာမြင့်ခဲ့ပြီး ကိုကိုဂေါ်ဖ်သည် ပထမပွဲငယ်တွင် tie-break ထိကစားခဲ့ပြီးမှ ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်နှင့်တတိယပွဲငယ်တို့တွင် အကောင်းဆုံးပုံစံဖြင့် ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အလားတူ ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင်ကျင်းပခဲ့သည့် Brisbane International အမျိုးသားတစ်ဦးချင်းဗိုလ်လုပွဲစဉ်တွင် ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား ဒီမီထရော့ဗ်သည် ဒိန်းမတ်နိုင်ငံသား ဟိုလ်ဂါရှနီနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ ဒီမီထရော့ဗ်က (၇-၆၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာက ကာဇက်စတန်တင်းနစ်မယ် ဆာကာလင်ကို (၆-၀၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**AZL**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ပွင့်ဖြူ ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရန်နှင့်ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရန် အာထားစိုက်ပျိုးသည့် ဆောင်းသီးနှံကုလားပဲစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေအဆင်ပြေမှုနှင့် စိုက်ပျိုးမြေကောင်းမွန်မှုကြောင့် နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီချိန်တွင် သီးနှံဝင်ငွေတိုးပွားစေရန်နှင့် စားနပ်ရိက္ခာဖူလုံစေရေးအတွက် ကုလားပဲသီးနှံကို အားထားစိုက်ပျိုး လုပ်ကိုင်ကြကြောင်းနှင့် ထိုသို့စိုက်ပျိုးရာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးကောင်းမျိုးသန့်များကိုရွေးချယ်ကာ စနစ်တကျစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသက စိုက်ပျိုးရေအဆင်ပြေတော့ ရာသီအလိုက်သီးနှံစိုက်ပျိုးလုပ်ကိုင်ရတာ အဆင်ပြေပါတယ်။ အခုနှစ်မှာဆိုရင် တောင်သူတွေသီးနှံဝင်ငွေတိုးပွားရေးအားထားစိုက်ပျိုးတဲ့ ဆောင်းသီးနှံကုလားပဲစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်လို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို စိုက်နည်းစနစ်တွေ၊ သွင်းအားစုပစ္စည်း အချိုးကျမှန်ကန်စွာ သုံးစွဲနည်းတွေကို ကြီးကြပ်ကူညီဆောင်ရွက်ပေးပါတယ်။ နောက်ပြီး သီးနှံအထွက်နှုန်းကောင်းဖို့အတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်အောင်လိုအပ်တာတွေကိုလဲ ကူညီဆောင်ရွက်ပေးပါတယ်။ ကျွန်တော်တို့မြို့နယ်အနေနဲ့ ယခုနှစ် ဆောင်းသီးနှံကုလားပဲ စိုက်ပျိုးရေးကို တစ်မြို့နယ်လုံး စိုက်ဧက ၂၁၈၄၃ ဧကလျာထားစိုက်ပျိုးရာမှာ မြေပြင်စိုက်ပျိုးနိုင်မှုက ၃၉၂၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ တောင်သူတွေအားထားစိုက်ပျိုးတဲ့ကုလားပဲစိုက်ခင်းတွေအောင်မြင်ဖြစ်ထွန်းတာကြောင့် သီးနှံပေါ်ချိန်မှာ ဈေးကောင်းရရှိဖို့ မျှော်လင့်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် လက်ပန္ဒယ်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**





# ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် မိုးစပါး ၁၆၅၇၃၈ ဧက ရိတ်သိမ်းပြီးစီး

**မြောင်းမြ ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါး ၁၆၅၇၃၈ ဧကကို ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၁၆၅၇၃၈ ဧကကို လျာထားစိုက်ပျိုးခဲ့ရာ အဆိုပါစိုက်ပျိုးခဲ့သည့် မိုးစပါး ၁၆၅၇၃၈ ဧကကို ၂၀၂၃ ခုနှစ် အောက်တိုဘာလပထမအပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီက မိုးစပါးလျာထားဧက ၁၆၅၇၃၈ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့စပါးတွေကို ၂၀၂၃ခုနှစ် အောက်တိုဘာလထဲမှာစတင်ရိတ်သိမ်းခဲ့ပါတယ်။လက်ရှိမှာတော့မိုးစပါးလျာထားဧကအားလုံး ပြန်လည်ရိတ်သိမ်းထားနိုင်ခဲ့ပါတယ်။ အခုရိတ်သိမ်းပြီးဖြစ်တဲ့မိုးစပါးတွေလျာထားချက်အတိုင်း ရာနှုန်းပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ဒေသခံတောင်သူတွေစနစ်တကျပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ပါတယ်"ဟုခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းကပြောပြသည်။

မြောင်းမြမြို့နယ်၌ ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်မိုးစပါး ၁၆၅၇၃၈ ဧကကို ပြန်လည်ရိတ်သိမ်းခဲ့ရာ စပါးတစ်ဧကလျှင် ၉၀ ဒသမ ၅၄ တင်းထိ အများဆုံးထွက်ရှိပြီး မြေအနေအထားရာသီဥတုနှင့်ကိုက်ညီသော စပါးအမျိုးအစားများဖြစ်သည့် သီးထပ်ရင်၊ ထိုင်းဘေးကျား၊ GW-1၊ GW 11 စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၃၅ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၈၀ | ၂၆၀၅ | ၂၅၉၀ | ၂၅၆၅ | ၂၆၆၅ | ၂၆၈၀ | ၂၅၇၅ | ၂၅၈၀ | ၂၆၂၀ | ၂၆၂၀ | ၂၆၂၀ | ၂၈၅၀ | ၂၉၀၀ |
| 95 Ron | ၂၆၃၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၅ | ၂၆၉၀ | ၂၆၇၀ | ၂၇၆၅ | ၂၇၈၅ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၅၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၀ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၀ | ၂၃၇၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၅ | ၂၄၅၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၃၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၁၄ | ၂၄၉၆ |
| 95 Ron | ၂၅၁၃ | ၂၅၉၇ |
| HSD (500 ppm) | ၂၂၀၇ | ၂၂၈၀ |
| HSD (50 ppm) | ၂၂၈၈ | ၂၃၆၃ |
| HSD (10 ppm) | ၂၂၉၆ | ၂၃၇၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# သွေးသည်အသက် အသက်သည်သွေး

ပေါက်ပေါက်

သွေးလှူဒါန်းခြင်းကို ၁၄၉၂ ခုနှစ်တွင် စတင်ခဲ့ပြီး အနောက်တိုင်းဘုန်းကြီးတစ်ပါး နာမကျန်းဖြစ်လာသည့်အခါ လူငယ်သုံးဦးထံမှ သွေးကိုရယူ၍ သွေးသွင်းကုသခဲ့ရာမှ စတင်ခဲ့ကြောင်း လေ့လာမှတ်သားရသည်။ သွေးအလှူရှင်ရှိမှ အသက်ဆက်ခွင့်ရသောလူနာများမှာ အရေးပေါ်ထိခိုက်ဒဏ်ရာရလူနာများ၊ ခွဲစိတ်ခန်းဝင်နေသောလူနာများ၊ သွေးမတိတ်ရောဂါဝေဒနာသည်များ၊ နာတာရှည်သွေးအားနည်းရောဂါရှိသူများ၊ ရိုးတွင်းခြင်ဆီအစားထိုးကုသခံလူနာများ၊ မွေးကင်းစအသားဝါရှိသူ ရင်သွေးငယ်လေးများ စသည်တို့ဖြစ်ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံတချို့၌ နှစ်စဉ်ဇန်နဝါရီလကို "National Blood Donor Month- တစ်မျိုးသားလုံးဆိုင်ရာသွေးလှူရှင်လ" အဖြစ် သတ်မှတ်ထားသည်။ အကြောင်းမှာ အားလပ်ရက်ပွဲတော်များ၊ ရာသီဥတုဆိုးရွားခြင်းနှင့် အအေးမိတုပ်ကွေးရာသီတို့ကြောင့် ဆောင်းရာသီတွင် သွေးလှူဒါန်းသူများ လျော့နည်းသွားကာ သွေးလှူဘဏ်၌ သွေးပြတ်လပ်မှု ပိုများလာလေ့ရှိသည်။ ထို့ကြောင့် ယခုကဲ့သို့ ရာသီကာလတွင် သွေးလှူရှင်များအား ဂုဏ်ပြုကာ သွေးလှူဒါန်းခြင်း၏အရေးကြီးပုံကို အများပြည်သူတို့အား သတိပေးလို၍ National Blood Donor Month အဖြစ် အထူးတလည် သတ်မှတ်ထားရခြင်းဖြစ်သည်။

သွေးသည် ခန္ဓာကိုယ်၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဒါနပါရမီတွင် တစ်ပါးအပါအဝင်ဖြစ်သော သွေးအလှူ ခေါ် ခန္ဓာကိုယ်တွင်းအလှူဖြင့် ရက်ရောစွာလှူဒါန်းခြင်းကို "ဒါနဥပပါရမီ"ဟု မြတ်စွာဘုရားရှင်က ဟောကြားတော်မူသည်။ သွေးနှင့်အသက်ဆက်ရသော သက်ရှိလူသားများအတွက် လုံလောက်သောသွေးရှိမှသာ ခန္ဓာ့ဝန်ထမ်းရွက်နိုင်ကြမည်ဖြစ်သည်။ ယုတ်စွအဆုံး အမိဝမ်းတွင်း သန္ဓေသားလောင်းအဆင့်မှာပင် စားပွဲတင်ဌှန်းသုံးဌှန်းမျှ ပမာဏရှိသောသွေးကို မရှိမဖြစ်လိုအပ်ပါသည်။

သွေးတစ်ကြိမ်လှူလိုက်တိုင်း သွေးလှူရှင်ထံမှ ၄၅၀ မီလီလီတာခန့်ရှိသော သွေးကိုဖောက်ထုတ်လေ့ရှိရာ ထိုပမာဏသည် သွေးလှူရှင်တစ်ကိုယ်လုံးရှိသွေးများ၏ ၇ ဒသမ ၅ ရာခိုင်နှုန်းမျှသာရှိသော်လည်း ထိုသွေးကိုလက်ခံရရှိသူ လူနာအဖို့ အသက်တစ်ချောင်းကယ်တင်ရာရောက်၍ အလွန်မွန်မြတ်လှသည်။ သွေးလှူလိုက်သောအခါ သွေးအရည်ထုထည် ၇ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်း ကျသွားလိမ့်မည်။ သို့သော် သွေးလှူပြီးနောက် ၂၄ နာရီမှ ၄၈ နာရီအတွင်း သွေးအရည်ထုထည် ပြန်လည်ပြည့်လာသည်။ သွေးနီဥများက နောက်ထပ် ၅၆ ရက်အကြာတွင် အလိုအလျောက်ပြန်ပြည့်လာမည်။ ထို့ကြောင့် နောက်ထပ်တစ်ကြိမ် သွေးလှူနိုင်ရန်အတွက် ပျမ်းမျှ အချိန် သုံးလမှ လေးလခန့် စောင့်ရပါမည်။

သွေးလှူဒါန်းရခြင်းအကျိုးကြောင့် လူ့အသက်တစ်ချောင်းကို ကယ်တင်ရုံသာမက သွေးအလှူရှင်အတွက်လည်း အောက်ပါကျန်းမာရေးအကျိုးကျေးဇူးများစွာကို ရရှိစေနိုင်ပါမည်။

- သွေးလှူပြီးနောက် ထပ်မံဖြည့်စွက်စားသောက်ရသည့် အားဖြည့်စာများကြောင့် ပိုမိုကျန်းမာလာစေသည်။
- ကိုလက်စထရော ကျစေသည်။
- တစ်နာရီမျှအချိန်ပေး၍ သွေးလှူလိုက်ခြင်းကြောင့် တစ်ပါးသူအသက်ကို ကယ်ဆယ်နိုင်သဖြင့် ပီတိဖြစ်ကာ ပရဟိတအကျိုးသယ်ပိုးလိုစိတ်၊ အသင်းအဖွဲ့စိတ်၊ ပူးပေါင်းဆောင်ရွက်တတ်သောစိတ်များ တိုးပွားလာသည်။
- သွေးလှူရှင်တစ်ဦးသည် သွေးတစ်ပိုင့် (၄၅၀ မီလီလီတာ) လှူပြီးတိုင်း အလှူရှင်၏ခန္ဓာကိုယ်မှ အဆီ ၆၅၀ ကယ်လိုရီခန့် လောင်မြိုက်သွားသဖြင့် ကိုယ်အလေးချိန်လျှော့ချလိုသူများကို အထောက်အပံ့ဖြစ်စေသည်။
- သွေးဖောက်ထုတ်လှူဒါန်းလိုက်ခြင်းကြောင့် အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာ၊ လည်ချောင်းကင်ဆာ စသည့်ကင်ဆာရောဂါများ ဖြစ်နိုင်ခြေအလားအလာနည်းပါးကြောင်း အမေရိကန်ရှိ Miller-Keystone သွေးစင်တာက အကြံပြုထားသည်။
- အမေရိကန်ဆေးသိပ္ပံပညာရှင်များ၏ ဆန်းစစ်ချက်အရ သွေးပုံမှန်လှူဒါန်းသော အမျိုးသားများတွင် နှလုံးရောဂါဖြစ်နိုင်မှုအလားအလာ ၈၈ ရာခိုင်နှုန်းလျော့ကျနိုင်ပြီး နှလုံးကြောင့် လေဖြတ်ခြင်းအလားအလာ ၃၃ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။




ထို့ကြောင့် သွေးလှူလေ့ရှိသူများသည် ရုတ်တရက် နှလုံးဖောက်ပြန်ခြင်းနှင့် လေဖြတ်ခြင်းများ ဖြစ်လေ့မရှိပေ။
- သွေးလှူပြီးနောက် ဆုံးရှုံးသွားသော သွေးနီဥများကို ရိုးတွင်းခြင်ဆီမှ ၄၈ နာရီအတွင်း ပြန်လည်ထုတ်လုပ်ပေးသည်။ တစ်လ သို့မဟုတ် နှစ်လခန့်အကြာတွင် ပုံမှန်သွေးနီဥပမာဏပြည့်ဝလာပြီး သွေးသစ်လောင်းကာ သွေးနီဆဲလ်သစ်များဖြင့် ဖွဲ့စည်းတည်ဆောက်ထား၍ ခန္ဓာကိုယ်လန်းဆန်းကာ လှုံ့လတက်ကြွမှုဖြစ်စေသည်။
- အထူးသဖြင့် သက်ကြီးပိုင်းသွေးလှူရှင်များအဖို့ ကျန်းမာရေးပိုကောင်းလာပြီး အင်အားတောင့်တင်းလာသည်။
- ပုံမှန်သွေးလှူခြင်းကြောင့် မိမိ၏သွေးဖိအားအနည်းအများ၊ သွေးပေါင်ချိန်အတက်အကျနှင့် ကျန်းမာရေးအခြေအနေတို့ကို ပုံမှန်စစ်ဆေးရာရောက်သည်။ ထို့ပြင် သွေးလှူမည့်သူသည် သွေးမလှူမီ ခန္ဓာကိုယ်ကျန်းမာရေးကို အခမဲ့စစ်ဆေးရသဖြင့် ကျန်းမာရေးအတွက် အရေးကြီးသော ရောဂါနှစ်မျိုးဖြစ်သည့် သွေးတိုးရောဂါနှင့် သွေးတွင်းအဆီဓာတ်အခြေအနေတို့ကိုသိရ၍ ကြိုတင်ကာကွယ်ထားနိုင်သည်။
- သွေးအုပ်စုအမျိုးအစားကို ကြိုတင်ခွဲခြားသိရှိနိုင်ပြီး သွေးစစ်ခြင်းဖြင့်သာ သိရှိနိုင်သော HIV၊ ကာလသားရောဂါ၊ အသည်းရောဂါတို့ကဲ့သို့သော ရောဂါများကိုပါ စစ်ဆေးပြီးသားဖြစ်စေသည်။
- လူသားတို့ကျန်းမာရေးအတွက် သံဓာတ်က မရှိမဖြစ်ပေ။ သို့သော် သွေးထဲတွင် သံဓာတ်ပမာဏလိုအပ်သည်ထက် ပိုများနေပါက နှလုံးထိခိုက်စေသည်။ Hemochromitosis ခေါ် ခန္ဓာကိုယ်တစ်ရှူးအတွင်း သံဓာတ်စုပုံလာခြင်းကြောင့် ဇီဝကမ္မဖြစ်စဉ်ကို အနှောင့်အယှက်ဖြစ်စေသည့် ဝေဒနာစွဲကပ်နေသူများသည် သွေးလှူပေးခြင်းဖြင့် ထိုရောဂါဖိစီးခြင်းမှ သက်သာလာစေကြောင်း၊ ထို Hemochro-mitosis ရောဂါရှိသူ၏သွေးကို လက်ခံသောလူနာများအဖို့ မည်သည့်ဘေးဥပဒ်မျှမဖြစ်စေကြောင်း အမေရိကန် ကြက်ခြေနီသွေးဝန်ဆောင်မှုအသင်းက အတည်ပြုထောက်ခံထားသည်။

**သွေးအလှူရှင်တစ်ဦးတွင် ရှိသင့်သော အရည်အချင်းများ**

သွေးလှူခြင်း ဥပဒေသများသည် သွေးလှူဘဏ်တစ်ခုနှင့်တစ်ခု မတူညီကြပေ။ သွေးလှူဘဏ်စည်းကမ်းအလိုက် အလှူရှင်ထံမှ သွေး ၃၅၀ စီစီမှ ၄၅၀ စီစီ ထုတ်ယူပါလိမ့်မည်။ သွေးလှူရှင်သည် အသက် ၁၇ နှစ်ပြည့်ပြီးဖြစ်ရမည်၊ အချို့အရပ်ဒေသ၌ အသက် ၁၆ နှစ်တွင် သွေးလှူခွင့်ပြုထားသည်။ သွေးဖိအား BP အထက် ဂဏန်း ၁၈၀ အထက် မကျော်စေရ၊ အောက်ဂဏန်း ၁၀၀ ထက်မနည်းစေရ။ သွေးလှူမည့်သူသည် အသက် ၅၀ ထက်မကြီးစေရ၊ ကိုယ်အလေးချိန် ၄၅ ကီလိုထက် မနည်းစေရ။ ကိုယ်အပူချိန် ၉၉ ဒသမ ၅ ဒီဂရီဖာရင်ဟိုက်ထက် မကျော်စေရ။ သွေးမလှူခင် Hemocrit စစ်သောအခါ ပုံမှန်ထက် ၃၈ ရာခိုင်နှုန်းနည်းနေပါက မလှူသင့်ပေ။ Haemo-globin 12.5 g/dl အနည်းဆုံး ရှိနေရမည်။

**သွေးလှူရှင်များအတွက် နေထိုင်စားသောက်ပုံ နည်းစနစ်များ**

(၁) သွေးလှူရန် စောင့်ဆိုင်းရမည့် အချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

နေမကောင်း၍ သောက်ရသောဆေးကို ၄၈ နာရီအတွင်း သောက်မထားရ။ အရက်သောက်ပြီးနောက် ၄၈ နာရီစောင့်ပါ။ သွေးမလှူမီတွင် (သုံးနာရီကြိုတင်ပြီး) ထမင်းဝဝစားခဲ့ပါ။ အသည်းရောင်(အေ) ဖြစ်ဖူးပြီးနောက် သုံးနှစ်ကြာစောင့်ပြီးမှသာ သွေးလှူရပါမည်။ ပြီးခဲ့သောခြောက်လအတွင်း ခွဲစိတ်ကုသမှုအကြီးစားလုပ်ထားရသူ မလှူရသေးပါ။ တက်တူးထိုးစဉ် အပ်အဟောင်းသုံးထားခြင်း သို့မဟုတ် မသန့်ရှင်းသောအပ်က အသည်းရောင်ရောဂါရှိနိုင်သဖြင့် တက်တူးထိုးထားသူများ၊ တက်တူးထိုးပြီးနောက် ၁၂ လ စောင့်ရပါမည်။ သို့သော် အပ်စိုက်ကုသမှုခံယူထားသူများ၊ အလှအပကွင်းများ တပ်ဆင်ထားသူများအတွက် ပြဿနာမရှိနိုင်ပါ။ ပိုးသတ်ဆေး (ဗက်တီးရီးယားနှင့် ဗိုင်းရပ်များအတွက်) ဆေးသောက်ထားသူများ နှစ်ရက်စောင့်ပါ။ ဆီးချိုထိုးဆေး (အင်ဆူလင်)ထိုးထားသူများ နှစ်ပတ်စောင့်ပါ။

(၂) သွေးမလှူမီ စားသောက်ပုံများမှာ အောက်ပါအတိုင်းဖြစ်သည်။

ပထမဆုံးနှင့် အရေးကြီးဆုံးအချက်မှာ သွေးလှူမည့်သူသည် မည်သည့်အစာမျှ စားထားခြင်းမရှိဘဲ သွေး (လုံးဝ) မလှူသင့်ပေ။ သွေးတွင်းအာဟာရပြည့်စေရန်အတွက် အာဟာရပြည့်ဝမည့်အစာတစ်ခုခုကို သွေးမလှူမီ နှစ်နာရီ၊ သုံးနာရီခန့် ကြိုတင်စားထားပေးရမည်။ ကောင်းစွာ အစာကြေညက်နေမှသာလျှင် သွေးလှူပြီးနောက် အနည်းငယ်မအီမသာဖြစ်ခြင်း၊ ပျို့အန်ခြင်းတို့မှ သက်သာမည်ဖြစ်သည်။ သုံးလတစ်ကြိမ် ပုံမှန်သွေးလှူနေကျဖြစ်ပါက သွေးမလှူမီရက်သတ္တတစ်ပတ်၊ နှစ်ပတ်ခန့်ကြိုတင်၍ သံဓာတ်ကြွယ်ဝစွာပါဝင်သောအစားအစာများ စားသုံးပါ။ သံဓာတ်ဖြည့်စွက်စာအဖြစ် ဆီးသီးခြောက်၊ မက်မန်းသီး၊ မက်မွန်သီး၊ သဖန်းသီး၊ ကတွတ်သီး၊ ခရမ်းချဉ်သီး၊ ကြက်၊ ဝက်၊ ဆိတ်၊ အမဲတို့၏ အသည်း၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများ စသည်တို့ကို များများစားပေးပါ။ သွေးထဲတွင် လိုအပ်နေသောသံဓာတ်ကို ဗီတာမင်စီက ကူညီအားဖြည့်စုပ်ယူပေးနိုင်သဖြင့် ဗီတာမင်စီကြွယ်ဝသော လိမ္မော်သီး၊ သံပရာသီး၊ ဂေါ်ဖီထုပ်တို့ကို တွဲဖက်စားသုံးပေးသင့်သည်။

(၃) သွေးလှူပြီးနောက် စားသောက်ပုံများမှာ အောက်ပါအတိုင်းဖြစ်သည်။

ပုံမှန်ထက် ရေ သို့မဟုတ် အရည် (အရက်ကလွဲပြီး) လေးခွက်(ရှစ်အောင်စ) ပိုသောက်ပါ။ ခန္ဓာကိုယ်ထဲတွင် ရေနှင့်သကြားဓာတ် ခန်းခြောက်မှုမရှိစေရန် သွေးလှူပြီးပြီးချင်း အသီးဖျော်ရည်နှင့် မုန့်အချိုတစ်ခုခု ချက်ချင်းစားပေးပါ။ သွေးပေါင်မကျစေရန် သွေးလှူပြီးနောက် ၂၄ နာရီမှ ၄၈ နာရီအတွင်း အရည်များကို အဆက်မပြတ်သောက်သုံးပါ။ ကော်ဖီ၊ ကိုလာ စသည့် ကဖိန်းဓာတ်ပါသောအရည်များက ဆီးရွှင်စေသဖြင့် သွေးလှူပြီး ရှစ် နာရီမှ ၁၀ နာရီအတွင်း ၎င်းအရည်များကို (လုံးဝ) မသောက်သင့်ပေ။ တိရစ္ဆာန်များ၏ အသည်း၊ ပဲအမျိုးမျိုး၊ ကညွတ်၊ ဟင်းနုနယ်ရွက်အပါအဝင် အစိမ်းရင့်ရောင်ရှိသော ဟင်းသီးဟင်းရွက်များနှင့် အညိုရောင်ဂျုံ ပေါင်မုန့်တို့ကို စားပေးပါ။ ဥ၊ အာလူး၊ ငှက်ပျောသီး၊ အစေ့အဆန်များ၊ အခွံမာသီးများ၊ ငါးနှင့် နို့ထွက်ပစ္စည်းများဖြစ်ကြသော နို့အမျိုးမျိုး၊ ထောပတ်၊ ပူတင်း၊ ချိစ်တို့ကလည်း သွေးနီဥများကို ပြန်လည်တည်ဆောက်ပေးနိုင်သဖြင့် ၎င်းတို့ကို များများစားသုံးပေးသင့်သည်။

အထူးသတိထားရမည့်အချက်မှာ သွေးလှူရှင်တွင် ဘီပိုး၊ စီပိုး၊ HIV၊ ကာလသားရောဂါ၊ ငှက်ဖျားရောဂါ စသည်တို့ ကင်းစင်နေမှသာ လှူဒါန်းခွင့်ရှိပြီး သွေးလှူဒါန်းတွင်လည်း သွေးပေါင်ချိန်ပုံမှန်ဖြစ်နေရမည်။ ထို့ပြင် လိင်ဆက်ဆံဖော်များသူ၊ ဆစ်ဖလစ်ရောဂါပိုးရှိသူ၊ မူးယစ်ဆေးစွဲနေသူ၊ အသားဝါ၊ Rubella ခေါ် ဝက်သက်ရောဂါတစ်မျိုး၊ တိုက်ဖွိုက်ရောဂါ၊ ငှက်ဖျားရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါ၊ သွေးရောဂါနှင့် ပန်းနာရင်ကျပ်ရောဂါရှိသူများလည်း သွေး(လုံးဝ)မလှူသင့်ပေ။ မည်သည့်ပဋိဇီဝသောက်ဆေးကိုမျှ မမှီဝဲသူဖြစ်ရမည်။ တစ်ကြိမ်နှင့်တစ်ကြိမ် သွေးလှူချိန်ကြားကာလမှာ အနည်းဆုံး နှစ်လရှိမှသာ သွေးလှူရှင်၏ နောက်ဆက်တွဲကျန်းမာရေးအတွက် စိတ်ချရသကဲ့သို့ အလှူခံမည့်ဝေဒနာသည်အတွက်လည်း အရည်အသွေးပြည့်မီသောသွေးကို လက်ခံရရှိနိုင်ပါလိမ့်မည်။

အချုပ်အားဖြင့်ဆိုရသော် သွေးလှူဒါန်းခြင်းသည် မိမိပိုင်ဆိုင်သောပစ္စည်းဥစ္စာထက် မိမိ၏ခန္ဓာကိုယ်ရှိသွေးကိုလှူဒါန်းရခြင်းသာဖြစ်၍ အလွန်မွန်မြတ်သောစွန့်လွှတ်လှူဒါန်းမှုတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ရခဲလှသောလူ့ဘဝတွင် ပုထုဇဉ်လူသားအချင်းချင်း မိမိသွေးဖြင့် အသက်ကယ်တင်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။

# ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်တွင် ၂၀၂၄ ခုနှစ်အတွင်း မိုးခေါင်ပြီး သောက်သုံးရေမလုံလောက်သည့်ပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ



**အော့တာဝါ ဇန်နဝါရီ ၇**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်တွင် ၂၀၂၄ ခုနှစ်အတွင်း မိုးခေါင်ပြီး သောက်သုံးရေမလုံလောက်သည့်ပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အယ်ဘတ်တာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ရေဗက္ကာက ပြောကြားခဲ့သည်ဟု ဇန်နဝါရီ ၆ ရက် သတင်းများအရ သိရသည်။

မိုးခေါင်မှုကြောင့် သောက်သုံးရေမလုံလောက်သည့် ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေသွားရန်လိုအပ်ကြောင်း၊ အယ်ဘတ်တာပြည်နယ်ဒေသခံများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များကိုလည်း သောက်သုံးရေမလုံလောက်မှုပြဿနာဖြင့် ရင်ဆိုင်ရမည့်အရေးအတွက် ကြိုတင်ပြင်ဆင်သွားရန်လိုကြောင်း ဝန်ကြီးရေဗက္ကာက ပြောကြားခဲ့သည်။

"၂၀၂၄ ခုနှစ်အတွင်းမှာ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်တဲ့ပြဿနာတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိနေတယ်။ မိုးခေါင်မှုကြောင့် သောက်သုံးရေ မလုံလောက်တဲ့ပြဿနာနဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ ဒါကြောင့် ပြည်နယ်အတွင်း ရေရှားပါးမှုပြဿနာကို ရှောင်လွှဲနိုင်ဖို့အတွက် တာဝန်ရှိသူတွေအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။ သောက်သုံးရေမလုံလောက်တဲ့ပြဿနာနဲ့ မကြုံတွေ့စေဖို့အတွက်လဲ စည်ပင်သာယာရေးကော်မတီအနေနဲ့ ရေအရင်းအမြစ်တွေ ဘယ်လိုထိန်းသိမ်းသွားမလဲ၊ ပြည်နယ်တစ်ဝန်းက ပြည်သူတွေကို သောက်သုံးရေလောက်ငှစွာပေးဝေနိုင်ဖို့အတွက် ဘယ်လိုအစီအမံတွေ ပြင်ဆင်ဆောင်ရွက်ထားသလဲဆိုတာကိုလဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တာဝန်ရှိသူအသီးသီးနဲ့ တွေ့ဆုံဆွေးနွေးသွားဖို့ လိုအပ်ပါလိမ့်မယ်"ဟု ဝန်ကြီး ရေဗက္ကာက ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အီရန်နိုင်ငံ တီဟီရန်ပြည်နယ်တွင် မိုးရွာသွန်းမှု သိသိသာသာကျဆင်းလျက်ရှိ

**တီဟီရန် ဇန်နဝါရီ ၇**

အီရန်နိုင်ငံတွင် ယခုနှစ်မိုးရွာသွန်းမှုအခြေအနေမှာ ဆိုးရွားစွာကျဆင်းလျက်ရှိရာ အထူးသဖြင့် တီဟီရန်ပြည်နယ်၌ သိသိသာသာကျဆင်းလျက်ရှိကြောင်း အီရန်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာနက ဇန်နဝါရီ ၆ ရက်တွင် အစီရင်ခံစာထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အီရန်နိုင်ငံတစ်ဝန်းတွင် ယခုနှစ်မိုးကာလ ရက်ပေါင်း ၁၀၀ ကျော်အတွင်း တစ်နိုင်ငံလုံး မိုးရွာသွန်းမှုမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပျမ်းမျှအောက် ၄၄ ဒသမ ၃ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြထားသည်။

မိုးရွာသွန်းမှုပမာဏ ဆိုးရွားစွာကျဆင်းခဲ့သော တီဟီရန်ပြည်နယ်တွင် ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ၆၇ ရာခိုင်နှုန်းခန့် သိသိသာသာ မိုးရွာသွန်းမှုကျဆင်းခဲ့ပြီး ပြည်နယ်အတွင်း အဓိကရေပေးဝေလျက်ရှိသော ဆည်ငါးခု၏ ရေလှောင်ကန်များတွင် ရရှိနိုင်သော ရေပမာဏသည် ကုဗမီတာ သန်း ၃၀၀ အောက်သို့ ကျဆင်းသွားကြောင်း သိရသည်။

အီရန်နိုင်ငံရှိ တောင်သူများ၏ လေးပုံတစ်ပုံသည် ပြီးခဲ့သည့်ခုနှစ်နှစ်မှစ၍ ရေရှားပါးမှုကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး စီးပွားရေးထိခိုက်မှုများ၊ မြေဆီလွှာတိုက်စားမှု၊ သဲကန္တာရများနှင့် အန္တရာယ်ရှိသော ဖုန်မှုန့်တိုင်းများကြောင့် အီရန်နိုင်ငံ လူဦးရေထက်ဝက်ခန့်၏ ကျန်းမာရေးကိုလည်း ထိခိုက်စေလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

တီဟီရန်ပြည်နယ်အတွင်း ရေပေးဝေမှု အခက်အခဲမရှိစေရေး ပြည်သူများအနေဖြင့် ရေသုံးစွဲမှုကို ၁၀ ရာခိုင်နှုန်းလျှော့ချရန်နှင့် မလိုအပ်သော ရေအသုံးပြုမှုများကို ရှောင်ရှားရန် ပြည်နယ်ရေနှင့် ရေဆိုးသန့်စင်ရေးကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာ မိုဆန် အာဒီကာနီက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# မလေးရှားအစိုးရက ကက်မရွန်ကုန်းမြင့်ဒေသတွင် မြေပြိုကျမှုဖြစ်ပွားခဲ့သည့် တောင်စောင်းများ ပြုပြင်ခြင်းကို အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားမည်

**ကွာလာလမ်ပူ ဇန်နဝါရီ ၇**

မလေးရှားနိုင်ငံ၏ Orang Asli တိုင်းရင်းသားများ အဓိကနေထိုင်ရာဒေသတစ်ခုဖြစ်သော ကက်မရွန်ကုန်းမြင့်ဒေသတွင် မြေပြိုမှုဖြစ်ပွားခဲ့သည့် တောင်စောင်းများ ပြုပြင်ခြင်းကို အစိုးရက အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Datuk Seri Dr Ahmad Zahid Hamidi က ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မလေးရှားနိုင်ငံတွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၂ ရက်က ကက်မရွန်ကုန်းမြင့်ဒေသတွင် မြေပြိုမှုဖြစ်ပွားခဲ့ပြီး နေအိမ်ခြောက်လုံးနှင့် မော်တော်ဆိုင်ကယ်သုံးစီး ပျက်စီးခဲ့ရာ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

ယခင်က ထုတ်ပြန်ချက်များအရ မလေးရှားရင်းဂစ် သုံးသန်းခန့် ကုန်ကျမည့် အဆိုပါစီမံကိန်းကို နှစ်နှစ်အတွင်းဆောင်ရွက်မည်ဖြစ်သော်လည်း ယခုအခါ အရှိန်အဟုန်မြှင့်၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် Datuk Seri Dr Ahmad Zahid Hamidi က ပြောကြားခဲ့သည်။



အဆိုပါစီမံကိန်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ အထူးခွင့်ပြုရန်ပုံငွေများဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ရေးကာလအတွင်း မြေပြိုမှုကြောင့် ထိခိုက်ခံစားခဲ့ရသော မိသားစု ၁၇ စုအတွက်လည်း နေရာထိုင်ခင်းငှားရမ်းနေထိုင်ရန် Orang Asli တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးဌာနက ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကက်မရွန်ကုန်းမြင့်ဒေသသည် တောင်စောင်းဒေသဖြစ်သဖြင့် မကြာခဏမိုးရွာသွန်းခြင်းကြောင့် မြေပြိုကျမှု မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# ဂျပန်နိုင်ငံတွင် ငလျင်လှုပ်ခတ်မှုကြောင့် မော်တော်ကားထုတ်လုပ်မှုကို ပြန်လည်စတင်နိုင်ခြင်း မရှိသေးကြောင်း တိုယိုတာကုမ္ပဏီ ထုတ်ပြန်

**တိုကျို ဇန်နဝါရီ ၇**

ဂျပန်နိုင်ငံတွင် ဇန်နဝါရီ ၁ ရက်က ငလျင်လှုပ်ခတ်မှုကြောင့် တိုယိုတာကုမ္ပဏီအနေဖြင့် မော်တော်ကားထုတ်လုပ်မှုကို ပြန်လည်စတင်နိုင်ခြင်း မရှိသေးကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ဇန်နဝါရီ ၆ ရက် သတင်းများအရ သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် မော်တော်ကားထုတ်လုပ်ရေးအတွက် အဓိကကျသည့် ကုန်ကြမ်းပံ့ပိုးသူများမှာ ငလျင်ဒဏ်သင့်ခဲ့ရပြီး လုပ်ငန်းလည်ပတ်မှုများကိုရပ်ဆိုင်းထားရသဖြင့် မော်တော်ကားထုတ်လုပ်မှုကို ပြန်လည်စတင်နိုင်မှုမရှိသေးခြင်းဖြစ်ကြောင်း၊ သို့သော်လည်း မော်တော်ကားထုတ်လုပ်မှုကို ပြန်လည်စတင်နိုင်ရေးအတွက် အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုယိုတာကုမ္ပဏီ၏ ဥက္ကဋ္ဌ ကိုဂျီဆာတိုက ပြောကြားခဲ့သည်။

"ငလျင်ဒဏ်ကြောင့် ကုမ္ပဏီရဲ့ မော်တော်ကားထုတ်လုပ်မှု ကုန်ကြမ်းပံ့ပိုးသူတွေ အတိနာခဲ့ရတယ်။ သူတို့ရဲ့လုပ်ငန်းတွေကို လည်ပတ်မှုယာယီရပ်ဆိုင်းထားရတဲ့အတွက်ကြောင့် တိုယိုတာမော်တော်ကားကုမ္ပဏီအနေနဲ့လဲ မော်တော်ကားထုတ်လုပ်မှုကို ပြန်လည်စတင်နိုင်တာ မရှိသေးပါဘူး။ ၂၀၂၃ ခုနှစ် အောက်တိုဘာလတုန်းကလဲ ကုန်ကြမ်းပံ့ပိုးတဲ့စက်ရုံတစ်ခုမှာ ပေါက်ကွဲမှုဖြစ်ပွားခဲ့တဲ့အတွက် မော်တော်ကားထုတ်လုပ်မှုကို ခေတ္တရပ်ဆိုင်းခဲ့ရဖူးတယ်။ မော်တော်ကားထုတ်လုပ်မှုကို ပြန်လည်စတင်နိုင်ဖို့အတွက် အမြန်ဆုံးဆောင်ရွက်သွားမယ်။ ငလျင်ဒဏ်သင့်ခဲ့ရတဲ့ ကုန်ကြမ်းပံ့ပိုးမှုကုမ္ပဏီတွေကိုလဲ ကူညီပေးသွားမှာပါ။ ကျွန်တော့်အနေနဲ့ ကတော့ မော်တော်ကားထုတ်လုပ်မှု အမြန်ဆုံး စတင်နိုင်ဖို့အတွက် လုပ်သင့်လုပ်ထိုက်တာတွေ အမြန်ဆုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု တိုယိုတာကုမ္ပဏီ၏ ဥက္ကဋ္ဌ ကိုဂျီဆာတိုက ပြောကြားခဲ့သည်။

မော်တော်ကားထုတ်လုပ်မှုကို အမြန်ဆုံး ပြန်လည်စတင်နိုင်ရေးအတွက် ဒိုဟက်ဆု မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း တိုယိုတာကုမ္ပဏီ၏ ဥက္ကဋ္ဌ ကိုဂျီဆာတိုက ဆက်လက်ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# အဇာဘိုင်ဂျန်နိုင်ငံ ဂေဟစနစ်နှင့် သဘာဝအရင်းအမြစ်ဝန်ကြီး မူတာဘာဘာယက်ဗ်ကို COP 29 ညီလာခံဥက္ကဋ္ဌအဖြစ် ခန့်အပ်ကြောင်း ထုတ်ပြန်ကြေညာ

**ဘာကူး ဇန်နဝါရီ ၇**


အဇာဘိုင်ဂျန်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ (COP 29)ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိထားပြီး ညီလာခံတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူသွားရန် အဇာဘိုင်ဂျန်နိုင်ငံ ဂေဟစနစ်နှင့် သဘာဝအရင်းအမြစ်ဝန်ကြီး မူတာဘာဘာယက်ဗ်ကို ခန့်အပ်လိုက်ကြောင်း အဇာဘိုင်ဂျန်အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်ဟု ဇန်နဝါရီ ၆ ရက်သတင်းများအရ သိရသည်။

COP 29 ညီလာခံကို အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ COP 29 ညီလာခံတွင် ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ထိရောက်သော ဆွေးနွေးမှုများ ပြုလုပ်သွားရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီး မူတာဘာဘာယက်ဗ်က ပြောကြားခဲ့သည်။

အဇာဘိုင်ဂျန်နိုင်ငံ ဂေဟစနစ်နှင့် သဘာဝအရင်းအမြစ်ဝန်ကြီး မူတာဘာဘာယက်ဗ်သည် အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့၌ကျင်းပခဲ့သော COP 28 ညီလာခံတွင်လည်း အဇာဘိုင်ဂျန်နိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သူဖြစ်ကြောင်း သိရသည်။

ဝန်ကြီး မူတာဘာဘာယက်ဗ်သည် ၂၀၁၈ ခုနှစ်မှစ၍ ဂေဟစနစ်နှင့် သဘာဝအရင်းအမြစ်ဝန်ကြီးအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး ဝန်ကြီးတာဝန်ကိုမယူမီက နိုင်ငံပိုင်ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီဖြစ်သည့် ဆိုကာကုမ္ပဏီ၌ ၂၄ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကာ ကုမ္ပဏီတွင် ဂေဟစနစ်ဆိုင်ရာ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**



# အနီးမှုန်

## မာန်(စက်မှု)

(၁)

အိမ်မှာ ဆန်မရှိတော့ချေ။ ကလေးတွေ ကျောင်းက ပြန်လာတော့မယ်။ ဘာမှမချက်ရသေး။ အိမ်က လူကြီးလဲ မူးပြီး ဘယ်နေရာသွားထိုးအိပ်နေတယ် မသိ။ မယ်သီရှုံးချင်တယ်။ ကလေးတွေသာမရှိရင် ရောက်ရာပေါက်ရာ ထွက်သွားလိုက်တာကြာလှပေါ့။ ဘာမှမရှိတဲ့ဆန်ပုံးကို စိတ်ပေါက်ပေါက်နဲ့ပစ်ချပြီး တဲပေါ်ကနေ အောက်ကိုဆင်းလိုက်တယ်။ ဆန်ပုံးပစ်ချပြီးမှ ငယ်စဉ် အမေပြောဖူးတာလေးသတိရမိတယ်။ အဲဒီလိုပစ္စည်းတွေကို မညင်မသာကိုင်တွယ်ရင်-

"ဟဲ့ သမီး ဖြည်းဖြည်းလုပ် ဆင်းရဲတာရှည်တတ်တယ်ကွဲ့"

အမေပြောတဲ့ဆင်းရဲတာရှည်မှုကနေ အမေလဲ သေတဲ့ထိမလွတ်ခဲ့ပါ။ ဆင်းရဲတာရှည်မယ်ပြောတဲ့ အမေ ဘာလုပ်လုပ်သိမ်သိမ်မွေ့မွေ့လုပ်တတ်၊ နေတတ်တဲ့အမေဟာ သေတဲ့ထိဆင်းရဲခဲ့တယ်။ မယ်သီကတော့ ကြမ်းတမ်းတဲ့ဘဝမှာ မသိမ်မွေ့နိုင်ပါ။ လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ဘဝမှာ သားသမီးတွေ သူလိုမပင်ပန်းဖို့ သူကြိုးစားပြီး ပညာသင်ပေးတယ်။ ပေးနိုင်တဲ့အမွေကို အတတ်နိုင်ဆုံး အပင်ပန်းခံကြိုးစားပြီးပေးတယ်။ သူတို့တွေပညာတတ်ရင် သူပင်ပန်းရကျိုးနပ်ပြီ။ အိမ်မှာချက်စရာမရှိလို့ ရွာမြောက်ဘက်က မယ်ညွန့်တို့အိမ် ခပ်မြန်မြန်လာခဲ့တယ်။ ဆန်လေးလုံးလောက် ခဏချေးပြီး ရွာထဲပတ်ခူးထားတဲ့ ဟင်းရွက်တွေနဲ့ ဟင်းတစ်ခွက်ချက်မယ်။ ဘွားမယ်ဆုံဆိုင်က ငါးပိရည်ကျို ၁၀၀ ဖိုးကို ကျဲကျဲကျိုပြီး ငရုတ်သီးပါရှဲ့ထည့်မယ်။ မယ်ညွန့်က သူနဲ့ ငယ်ငယ်ကတည်းက ကစားဖော်ကစားဖက်၊ ကြီးတော့လဲ တိုးတိုးဖော်တွေဖြစ်ပြီး အတွဲညီခဲ့တယ်။ အိမ်ထောင်ကျမှ ဘဝတွေကွာခြားကုန်တယ်။ မယ်ညွန့်က ရိုးသားကြိုးစားတဲ့ သူနဲ့ရပြီး လယ်ပိုင်အိမ်ပိုင်နဲ့ ပြည့်စုံနေတယ်။

(၂)

မယ်ညွန့်တို့အိမ်ရှေ့ရောက်တော့-

"မယ်ညွန့်ရေ မယ်ညွန့်"

သူ့ခေါ်သံကြောင့် မယ်ညွန့်ထွက်လာပြီး-

"မယ်သီ လာလေ မဝင်ဘဲအော်နေတယ်"

"သူဌေးတွေအိမ် ရမ်းမဝင်ရဲဘူးကွယ်"

"ကောင်မ အပိုပြောနေတယ်။ ထမင်းစားသွားပါလား ငါးခြောက်ဟင်းနဲ့"

ထမင်းစားခေါ်တော့ မယ်သီတံတွေးမျိုချရတယ်။ ငါးခြောက်ဟင်းတဲ့။ မမြင်ရတာကြာပြီဖြစ်ပါတယ်။ ငါးပိရည်တောင် အရည်ကျဲပဲစားနိုင်တဲ့ဘဝ။ ဒါပေမဲ့ ပြန်လာတော့မဲ့ သားနှစ်ယောက်စားဖို့ ဆန်ချေးရမယ်။

"စားတော့ပါဘူး။ ငါ့ကို ဆန်လေးလုံးလောက်ချေးစမ်းပါ။ ငါ့သားတွေ ပြန်လာရင်စားဖို့ ဘာမှမရှိလို့ပါ"

"ဟယ် အခုထိ မချက်ရသေးဘူးလား။ ဘာလို့ အခုမှလာတာလဲ"

"အဝတ်သွားလျှော်နေလို့ပါ။ ငွေတိုးချေးတဲ့ မပုအိမ်မှာ သွားလျှော်တာ လျှော်လို့ရသမျှ အတိုးနဲ့ချေနေလို့ ငွေမရခဲ့ဘူးလေ"

"ရော့အေ ဆန်တစ်ပြည်ယူသွား။ ငါးခြောက်နှစ်ကောင်ထည့်ပေးလိုက်တယ်နော်။ ဆီက ရေသန့်တစ်ဘူးစာ ယူသွားအေ"

"မယူပါဘူးဟယ်။ ဆန်လေးလုံးပဲယူမယ် ငါမပေးနိုင်မှာစိုးလို့ပါ"

"မပေးနဲ့ နင့်ကို ငါပေးလိုက်တာ။ သွားပါ ကလေးတွေအမီစားရအောင်"

"အေး ကျေးဇူးပါ မယ်ညွန့်ရာ သွားပြီနော်"

(၃)

နှုတ်ဆက်ပြီး မယ်ညွန့်ပေးတာပိုက်ကာ သူ့တဲအိမ်လေးရှိရာ နေပူထဲမပြေးသည်ဆိုရုံ ပြန်လာတယ်။ မယ်သီပျော်နေတယ်။ ကလေးတွေကို ငါးခြောက်ဟင်းနဲ့ကျွေးရတော့မှာမို့ မျက်နှာက အပြုံးတွေလှိုင်နေတယ်။ ရွာထဲနဲ့ လယ်ကွင်းတွေမှာ အလေ့ကျပေါက်တဲ့ ကန်စွန်း၊ ကနဖော့ စတဲ့ဟင်းသီးဟင်းရွက်တွေပဲစားနေရတဲ့သားတွေကို သူသနားတယ်။ ဒီနေ့တော့ သားတွေ မျက်နှာ ကျေနပ်နေမှာမြင်ယောင်ရင်း အတွေးနဲ့တင် ပျော်မိတယ်။ သားတွေမလာခင် ငါးခြောက်ကို မန်ကျည်းရည်နဲ့ချဉ်ရည်ချက်တယ်။ မနက်က အဝတ်လျှော်သွားရင်း လယ်ကွင်းစပ်ကခူးလာတဲ့ ကန်စွန်းညွန့်တွေကို ကြက်သွန်ဖြူ မားပြားရိုက်ပြီးကြော်တယ်။ ကန်စွန်းရွက်တောင် မယ်ညွန့်ကဆီပေးလိုက်လို့ ကြော်စားဖြစ်တာ။ အရင်က ဆီကုန်လို့ ရေလုံပြုတ်ချဉ်ရည်ဟင်းသာချက်ပြီး ငါးပိရည်ကျိုကျဲနဲ့ ဖြီးလိုက်တာများပါတယ်။ ၁၀၀ ဖိုးဝယ်ထားတဲ့ငါးပိရည်ကျိုကို ခပ်ကျဲကျဲ ငါးပိကောင်အရိုးကျတဲ့ထိကျိုပြီးဖျော်ပါတယ်။ အတို့အမြှုပ်အဖြစ် ခြံစည်းရိုးနားမှာ တွယ်တက်နေတဲ့ ကြက်ဟင်းခါးညွန့်တွေ ရေနွေးဖြောထားလိုက်ပြီး ပျဉ်းတော်သိမ်ရွက် နုနုလေးခူးထားတယ်။ အားလုံးပြီးတော့-

"မေမေရေ"

ဟော အိမ်ရှေ့ကနေ အသံပေးပြီး ပြန်လာကြတဲ့ သားတော်မောင်နှစ်ယောက်အသံကြောင့် မယ်သီ အိမ်ရှေ့ပြေးထွက်လာတော့ တဲပေါ်ခုန်တက်လာတဲ့ သားကြီးက-

"မေမေ ကျက်ပြီလား"

"ဘာဟင်းလဲ မေမေ"

"ညီရယ် ထုံးစံအတိုင်းကန်စွန်းရေပျက်ဟင်း(ဆီမပါဟင်း)နဲ့ ငါးပိရည်ကျဲပေါ့"

သားတွေရဲ့စကားနားထောင်ပြီး မယ်သီစိတ်မကောင်းဖြစ်မိတယ်။ မိဘအဆင်မပြေတော့ သူတို့ခမျာ အစားချို့တဲ့ရှာတယ်။ အမေဖြစ်သူကို သိပ်အပူမပေးကြတဲ့သားတွေပါ။ စာလဲကြိုးစားကြတယ်။ သူများတွေ ကျူရှင်နေပေမဲ့ မယ်သီမထားနိုင်ပါ။ ဒါပေမဲ့ တစ်နှစ်တစ်တန်းအောင်ကြတဲ့သားတွေကို မယ်သီ ကျေးဇူးတင်တယ်။ မယ်သီ ထမင်းစားပွဲခုံဝိုင်းလေးမှာ ထမင်းခူးခပ်ကာ-

"လာ လာ ထမင်းလာစားကြ"

လွယ်အိတ်တွေ အိမ်တိုင်မှာချိတ်ပြီး ထမင်းစားပွဲရှိရာ ရောက်လာတဲ့သားနှစ်ယောက် ဟင်းပွဲတွေမြင်တော့ အငယ်လေးက-

"ကိုကို ကန်စွန်းရေပျက်မဟုတ်ဘူး။ အသားဟင်းပါတယ်။ ဒါကြောင့် သားအနံ့ရနေတာ မေမေ ဘာဟင်းလဲ"

သားငယ်လေး ဝမ်းသာအားရပြောနေတာကြည့်ပြီး မယ်သီပြုံးကာ-

"အသားမဟုတ်ဘူးသားရဲ့ ငါးခြောက်။ ဒွေးမယ်ညွန့်ပေးလိုက်တာ"

"ဝိုး. . . ကြိုက်တယ် ဒွေးမယ်ညွန့်ကို ကျေးဇူးတင်လိုက်တာ"

"အေးပါ ငယ်လေးရယ်။ ရော့ လက်ဆေးပြီး ထမင်းစားတော့"

"ဟုတ် မေမေ"

အမေဖြစ်သူကမ်းပေးတဲ့ ရေဇလုံထဲ လက်နှစ်ဆေးပြီး ထမင်းပန်းကန်ကိုယူကာ အားရပါးရစားနေပါတယ်။ သားကြီးကလဲ သူ့အကြိုက်ဟင်းမို့ ထည့်စားနေရင်း ဘေးကနေကြည့်နေတဲ့ အမေဖြစ်သူကို-

"မေမေလဲစားလေ။ မစားရသေးဘူးမဟုတ်လား"

"ဖြီးပြီသား ကျက်တာနဲ့စားလိုက်တာ သားတို့ပဲ ဝအောင်စား"

"မေမေ ထမင်းလောက်ပါ့မလားစားကောင်းတယ်"

"လောက်ပါတယ်ငယ်လေးရယ် စားသာစားပါ တစ်ခါတလေစားရတာ"

"ဟုတ် မေမေ"

စားနေရင်း အမေ့ကို ကျေနပ်စွာရယ်ပြပြီး အားရပါးရဆက်စားနေတယ်။ မယ်သီရဲ့ဗိုက်ထဲ တကြုတ်ကြုတ်မြည်နေတယ်။ သားတွေရှေ့မို့ ဟန်ဆောင်ထားတယ်။ သူစားရင် သားတွေ မဝဘဲနေမယ်။ ကလေးတွေ အဖေအတွက်လဲရှိသေးတယ်။ သားနှစ်ယောက်စားပြီးတော့ ထည့်ထားသမျှဟင်းနဲ့ထမင်းတွေ အကုန်ကုန်သွားတယ်။ မစားရတာကြာတော့ စားမြိန်ကြတာပေါ့။ ကိုလူအေးအတွက် ချန်ထားတာပဲကျန်တယ်။ စားပြီးကျောင်းပြန်သွားတဲ့သားတွေကိုကြည့်ရင်း မယ်သီ ကျန်ခဲ့တယ်။ မျက်ဝန်းထဲက သားတွေပုံရိပ်ပျောက်သွားမှ ဆာနေတဲ့ ဝမ်းအပူကိုဖြေရှင်းဖို့ မီးဖိုချောင်ထဲကိုလာခဲ့ပြီး ထမင်းအိုးဖွင့်ကာ ထမင်းတစ်ခဲနှိုက်၊ ဟင်းအိုးထဲထည့် ဟင်းရည်လက်ကျန်နဲ့ နယ်လိုက်တယ်။ နယ်ရင်း ထမင်းတစ်လုတ်ပါးစပ်ထဲထိုးထည့်လိုက်တယ်။ ငါးခြောက်အရသာလေးထမင်းထဲဝင်ပြီး လျှာပေါ်မှာမြိန်ရှက်သွားတယ်။

(၄)

ရွာတောင်ပိုင်း အရှီးလှတို့အိမ်က ခြံရှင်းဖို့ခေါ်တာမို့ သွားရအုံးမယ်။ မိန်းမဖြစ်တဲ့မယ်သီ အလုပ်မရွေးနိုင်ပါ။ ယောကျ်ား၊ မိန်းမအလုပ် အကုန်လုပ်တယ်။ ပင်ပန်းတာ မကြည့်နိုင်ပေ။ ဘာမှမရှိတဲ့သူ့အတွက် ခေါ်ခိုင်းသမျှအလုပ်တွေကို ပင်ပန်းတယ်လို့မတွက်နိုင်ဘဲ အလုပ်ခေါ်ရင် ဝမ်းသာစွာပြေးလုပ်ရတယ်။ လင်နဲ့ သားတွေဝမ်းဝဖို့ နေပူမိုးရွာမရှောင် မယ်သီ အလုပ်လုပ်တယ်။ တစ်နေ့ပေါ့-

"မယ်သီ နင့်ကြည့်ရတာ ကသီလိုက်တာအေ။ တစ်နေ့တစ်နေ့လုပ်လိုက်ရတာအလုပ်နဲ့လက် ပြတ်တယ်မရှိဘူး"

"ဩော်. . . မယ်ညွန့်ရယ် လုပ်တာတောင် ထမင်းစားဖို့ အလျှဉ်မမီတာ။ မလုပ်လို့ရမလားဟယ်"

"ငါ နင့်ကိုပြောချင်လို့ နင် တစ်မျိုးမြင်မှာလဲစိုးတယ်အေ"

"ဘာတုံး အချင်းချင်းတွေ ပြောစမ်းပါအေ"

"နင်ပြောခိုင်းလို့ ပြောတာနော်"

"အေးပါဟဲ့ မယ်ညွန့်ရဲ့"

"ငါ့အိမ်မှာ အိမ်အလုပ်လာလုပ်ပါလား။ ငါ အခုတစ်လော ကျန်းမာရေးမကောင်းလို့ အပင်ပန်းမခံနိုင်တာ နင်လဲသိတာပဲ။ ငါခေါ်ချင်တာအချင်းချင်းဆိုတော့ တစ်မျိုးမြင်မှာစိုးမိတာ"

"မမြင်ပါဘူးဟယ် နင့်တစ်အိမ်တည်းလုပ်လို့ ငါတို့စားအိုးမလောက်ဘူးဟဲ့"

"ငါလောက်အောင်ပေးမှာပေါ့။ နင်တို့မိသားစု တစ်နှစ်စာစားဖို့ ဆန်ကောငွေပါပေးပါ့မယ်။ နင်သာ ငါ့အိမ်မှာ ငါနဲ့ငါ့မိသားစုကိုဂရုစိုက်ပေး"

"ဒီလိုဆို ကောင်းတာပေါ့။ နင့်ယောကျ်ားကော သဘောတူရဲ့လား"

"ကိုရင်တာကိုယ်တိုင် ငါ့ကိုအကြံပေးတာ။ မယ်သီလဲအဆင်ပြေ ငါတို့လဲအဆင်ပြေတာပေါ့ မိန်းမရယ် ပြောလို့ နင့်ကိုပြောရတာ"

"ကျေးဇူးဟယ် အခက်အခဲဖြစ်တိုင်း အမြဲကူညီတဲ့နင့်ကို ငါကျေးဇူးတင်နေရတာ"

"ငါလဲ နင့်အကူအညီယူတာပါဟယ်။ နင်လဲအဆင်ပြေ ငါလဲအဆင်ပြေပေါ့ ကျေးဇူးဆိုတာမပြောပါနဲ့"

(၅)

"အမေ အမေ"

အသံကျယ်ကြီးနဲ့ခေါ်နေတဲ့ သားကြီးကြောင့် မယ်ညွန့်နားမှာရှိနေတဲ့ မယ်သီ ကမန်းကတန်းထတော့-

"ဟိတ်ကောင် ဘာလို့ အသံကျယ်ကြီးနဲ့အော်နေတာလဲ လူမမာရှိတယ်ကွ"

"အမေ့ကိုတွေ့ချင်လို့ပါ ဦးကြီးရယ်"

သားကြီးရဲ့ စိုးရိမ်ဝမ်းနည်းသံကြောင့် မယ်သီ ရင်ထိတ်ပြီး ထွက်လာခဲ့တယ်။

"မင်းအမေရဲ့ အလုပ်ချိန်လေ ဘာကိစ္စရှိလို့လဲ"

ကိုရင်တာ သားကြီးကို မေးနေတုန်း မယ်သီ ထွက်လာပြီး-

"သားကြီး ဘာဖြစ်လို့လဲ"

"အမေ အဖေ ဖိုးမှူတို့လယ်စပ်မှာ လဲကျနေတာ"

"နင်တို့အဖေ မူးပြီးအိပ်နေတာဖြစ်မှာပေါ့"

ကျွန်မ ကိုလူအေးရဲ့ပြုနေကျအကျင့်ကိုသတိရပြီး ပြောတော့သားကြီး ကငိုကာ-

"မဟုတ်ဘူးအမေ အဖေဆုံးပြီ အသက်မရှိတော့ဘူး။ အဲဒါဘကြီးသောင်းတို့က လုပ်စရာရှိတာ လုပ်ပေးနေတယ်။ အမေ့ကို သွားခေါ် ဆိုလို့ သားလာခေါ်တာ"

စာမျက်နှာ ၂၅ သို့ ➤

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၃၆၆ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၃၆၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၃၆၆ ဧကကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် ပဲတီစိမ်း ၅၃၆၆ ဧက လျာထားချက်ပြည့် စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တာတွေ ကူညီပံ့ပိုးပေးထားပါတယ်။ အခြားဆောင်းသီးနှံတွေကိုတော့ ပြီးခဲ့တဲ့ ဒီဇင်ဘာလမှာစတင်စိုက်ခဲ့ပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေ ကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တာတွေကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရာသီအမီ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းအပြင် အခြားသီးနှံတွေလဲ စိုက်ပျိုးလျက်ရှိပါတယ်။ ဇန်နဝါရီလကုန်မှာ ဆောင်းသီးနှံတွေ အားလုံးအပြီးသတ်စိုက်ဖို့ လျာထားပါတယ်။ သီးနှံတွေ တစ်နှစ်နဲ့တစ်နှစ် အထွက်နှုန်းတိုးလာစေဖို့ကိုလဲ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းအပြင် မတ်ပဲနှင့် ပြောင်းသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ ပဲတီစိမ်းကို စုစုပေါင်း ကျေးရွာ ၁၉ ရွာမှ ဒေသခံတောင်သူများက တစ်ဦးလျှင် တစ် ဧကမှ ခုနစ် ဧကထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခင်နှစ်က ပဲတီစိမ်းတစ်ဧကလျှင် တင်း ၄၀ထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

---

➤ စာမျက်နှာ ၂၄ မှအဆက်

"ဟင် ကိုလူအေးသေပြီ။ အမယ်လေး ဘယ်လိုဖြစ်တာလဲသားကြီးရယ်"

သားအမိနှစ်ယောက် မေးမေးပြောပြောလုပ်ပြီး ငိုငိုရယ်ရယ်ဖြစ်တော့ ကိုရင်တာက မကြိုက်တဲ့ပုံစံနဲ့ မျက်မှောင်ကြုတ်ကာ-

"ကဲ. . . မမယ်သီ နာရေးဆိုတော့လဲသွား။ ကျုပ်အိမ်မှာ ငိုငိုရယ်ရယ်မလုပ်နဲ့။ ကျုပ်မိန်းမက နေကောင်းတာမဟုတ်ဘူး"

"ဩော်. . . တောင်းပန်ပါတယ်ကိုရင်တာ။ ကျွန်မ သွားအုံးမယ်နော်"

ပြောလဲပြော ခြေထောက်ကလဲ မပြေးရုံတစ်မည် အိမ်ရှိရာလှမ်းလာခဲ့တယ်။ အိမ်ရောက်တော့ ရပ်ရွာလူကြီးတွေက လိုအပ်တာတွေ စီစဉ်ပေးထားကြတယ်။ ကိုလူအေးရဲ့ရုပ်အလောင်းကိုလဲ အိမ်ရှေ့မှာ စင်ထိုးပြီး ပြင်ထားပေးပါတယ်။ ခင်ပွန်းရဲ့ရုပ်ခန္ဓာရှိရာသွားပြီး ခင်ပွန်းမျက်နှာကို သေချာကြည့်တယ်။ မနက်က အလုပ်မသွားခင်လေး သူ့ကိုပြောသွားတဲ့ စကားတွေ ကြားယောင်နေတယ်။

"မယ်သီရယ် မင်းလဲပင်ပန်းလှပြီ။ ငါနဲ့ရပြီးကတည်းက မင်းပင်ပန်းလိုက်တာ။ ငါ့လိုမကောင်းတဲ့ကောင်ကို မင်းအပြစ်တစ်ခွန်းမပြောဘူးနော်"

"အပြစ်ပြောပြီး စိတ်ဆင်းရဲမှာကို ဘယ်လုပ်မှာလဲရှင်။ ရှင်သာ အရက် မသောက်တော့ရင် ကျုပ်ကျေနပ်ပြီ။ ပင်ပန်းပါစေ မိသားစု အဆင်ပြေရင် ကျေနပ်တယ်"

"အေးပါ ဒီအရက်ဖြတ်နိုင်အောင်လုပ်မယ်ဟာ။ ဒီနေ့ နောက်ဆုံးပဲ မသောက်တော့ဘူး"

"ရှင် တကယ်ပြောနေတာလား"

"တကယ်ပေါ့ဟ ငါ့အသက်နဲ့တောင်လောင်းချင်သေး"

"တကယ်ဆိုပြီးတာပါပဲ။ အသက်နဲ့လောင်းစရာမလိုပါဘူး"

နောက်ဆုံးပြောခဲ့တဲ့စကားအတိုင်း ကိုလူအေးသက်သေပြခဲ့လေသလား။ ကိုလူအေးမျက်နှာကိုကြည့်ပြီး မယ်သီတွေးမိတယ်။ လင်ဖြစ်သူမျက်နှာကို အသံတိတ်ကြည့်ရင်း မျက်ဝန်းထဲ မျက်ရည်တွေတာကျိုးသလို စီးကျလာတယ်။ မယ်သီ တစ်ချက်မှမငိုပါ။ မျက်ရည်တွေက တားမရစွာ ကျနေတာကခက်တယ်။ ကိုလူအေးအပေါ် တာဝန်ကျေခဲ့တာမို့ မယ်သီ့အတွက် နောင်တရစရာမကျန်ပါ။ မျက်ရည်ကတော့ကျမိနေဆဲ။ နှောင်ဖွဲ့ခဲ့တဲ့သံယောဇဉ်ကလဲ နှစ်ပေါင်းမှမနည်းခဲ့ပဲ။ မရှိုက်မငိုလဲ မျက်ရည်ကကျဆဲ။ နောက်ဆုံးဆိုတဲ့အသိနဲ့ ခင်ပွန်းမျက်နှာတစိမ့်စိမ့်ကြည့်ပြီး မျက်ရည်တွေက တားမရပါ။ ဒါကိုကြည့်ပြီး အိမ်နီးချင်းမိန်းမတွေက-

"မယ်သီ စိတ်ကိုချုပ်မထားနဲ့ အားရပါးရငိုချလိုက်ဟဲ့။ စိတ်ကိုချုပ်ပြီး မျက်ရည်ပဲကျမနေနဲ့ ညည်းထိခိုက်မယ်"

"စိတ်ကိုချုပ်မထားပါဘူး မျက်ရည်က သူ့အလိုလိုကျနေတာပါ"

"မယ်သီရယ် အေးပါအေ အဆင်ပြေရင်ပြီးရော"

(၆)

လင်ဖြစ်သူနာရေးကြုံရသလို မနက်ပိုင်း မယ်ညွန့်ဆီသွားပြီးလဲ လုပ်ပေးရတယ်။ မယ်ညွန့်လဲ တော်တော်ဖြစ်နေတာမို့ မယ်ညွန့်ကိုသနားတယ်။ ကိုလူအေးအသုဘချတဲ့နေ့တော့ မယ်ညွန့်က မလာဖို့ပြောတယ်။ သူ အဆင်ပြေအောင်ကြိုးစားနေမယ်လို့ပြောတယ်။ မယ်ညွန့်ကြောင့် ကိုလူအေးနောက်ဆုံးခရီးကို အေးအေးဆေးဆေးပို့ခွင့်ရခဲ့တယ်။ နာရေးပြီးတော့ ပုံမှန်အတိုင်းအလုပ်ပြန်ဆင်းတယ်။ မယ်ညွန့်မှာလဲမသက်သာဘဲ ပိန်လှီနေတယ်။ ဆေးမှူးကောင်းမှုနဲ့ ဆေးသက်ရှည်နေတယ်ပဲဆိုရမယ်။ ဆေးမှူးအပြောအရ နှလုံးအခြေအနေကိုမကြိုက်လို့ဆိုတယ်။ မြို့တက်ပြီး ဆေးရုံတက်ကုစေချင်တယ်။ ကိုရင်တာက လက်မခံပေ။ အလုပ်ပျက်တယ်ဆိုပြီး ငွေကုန်ချင်သလောက်ကုန် ဆေးမှူးကိုပဲ ဆက်ကုစေတယ်။ ဆေးမှူးလဲ သူပြောတာနားမဝင်ဘဲ ကိုယ်လိုရာပြောတဲ့ ကိုရင်တာကို ဘာမှမပြောတော့ဘဲ သူနားလည်သလောက်ကြိုးစားကုပေးရှာတယ်။ မယ်သီတော့ အံ့ဩမိတယ်။ ပိုက်ဆံလဲရှိ၊ ပူစရာဘာမှမရှိတဲ့ဘဝမှာ လူထက်အလုပ်က ပိုအရေးကြီးသလား။ အလုပ်တွေကို သူရင်းငှားတွေနဲ့လွှဲပြီး မယ်ညွန့်ကို မြို့တက်ဆေးကုလို့ရတယ်။ မယ်သီ အခုမှ မယ်ညွန့်ကို သနားမိတယ်။ ငွေကြေးပြည့်စုံပေမဲ့ မေတ္တာမရှိတဲ့နေရာမှာ မယ်ညွန့် နေနေရတယ်။

အရာအားလုံး ကိုရင်တာရဲ့သဘော။ ကိုရင်တာရဲ့မျက်နှာကြည့်ရတယ်။ မယ်ညွန့်နေမကောင်းတော့ မယ်သီကပဲ ဒိုင်ခံပြုစုရတယ်။ မယ်ညွန့် သမီးလေးက လိမ္မာလို့သာတော်သေးတယ်။ မယ်သီအိမ်ပြန်ချိန်ဆို ကလေးမက အမေဖြစ်သူနားနေပြီးပြုစုတယ်။ ကိုရင်တာ တစ်ခါမှ မိန်းမဖြစ်သူနားလာပြီး စကားတောင်ပြောဖော်မရပေ။ သူလာတော့ကော မယ်ညွန့်နေမကောင်းတာ ကောင်းလာမှာမှမဟုတ်တာဆိုတဲ့စကားနဲ့ သူ့အလုပ်သူလုပ်နေတယ်။ မယ်ညွန့်အပေါ် တကယ်ချစ်ရဲ့လား တွေးမိတယ်။ ရွာသူငွေးဆိုပြီး မယ်ညွန့်ဘဝ အားကျရပေမဲ့ အခုမှ ကိုယ့်ဘဝက ပိုပြီးစိတ်ချမ်းသာစရာကောင်းနေပါလားတွေးမိတယ်။ သူ့ဘဝမပြည့်စုံတာဘဲရှိတယ်။ လိမ္မာတဲ့သားတွေနဲ့ သူ့အပေါ်ကြင်နာတဲ့ခင်ပွန်းရှိတယ်။ ငွေအတွက်သာပူရတာ ခင်ပွန်းနဲ့သားတွေကြောင့် တစ်ခါမှ စိတ်မဆင်းရဲရပေ။ မယ်ညွန့်မှာတော့ပြည့်စုံပါလျက် အပူရုပ်ကိုဟန်လုပ်ပြီးနေရာက ရောဂါပါစွဲတော့တယ်။ မိသားစုတစ်ခုမှာ ငွေကြေးပြည့်စုံမှုသာ အဓိကမကျပါ။ နှလုံးသားအာဟာရဖြစ်တဲ့ ချစ်ခြင်းမေတ္တာနားလည်မှုကသာ အဓိကကျကြောင်း မယ်ညွန့်ကိုကြည့်ပြီး နားလည်ခဲ့ရတယ်။ မယ်သီ ကိုယ့်ဘဝကိုယ်တွေးပြီး ကျေနပ်စိတ်နဲ့ပြုံးမိတော့တယ်။ မယ်သီ အနီးမှုန်ခဲ့တယ်။ ကိုယ်လက်လှမ်းမမီတဲ့ သူများဘဝအဝေးကြီးတွေကို လှမ်းကြည့်ပြီးအားကျခဲ့တယ်။ အနီးဆုံးမှာရှိတဲ့ အားကျစရာမေတ္တာတွေ၊ နားလည်မှုတွေနဲ့ပြည့်စုံနေတဲ့ ကိုယ့်မိသားစုဘဝလေးကို မမြင်နိုင်ခဲ့ပေ။ အနီးမှုန်ဖြစ်နေတဲ့ မယ်သီ အမြင်တွေရှင်းသွားခဲ့ပါပြီ။ ကျန်ရှိနေတဲ့သူ့ဘဝကို ချစ်ဖို့ကောင်းသလို လိမ္မာပြီးသိတတ်တဲ့သားနှစ်ယောက်နဲ့ ပျော်ပျော်ရွှင်ရွှင်ဖြစ်သန်းပြီးနေမယ်လို့ ဆုံးဖြတ်ထားလိုက်တော့တယ်။

---

## မေတ္တာအလံ စိုက်ထူကြုံ

\- နူးညံ့ကာ နှလုံးသား
အပြုံးများ ဖြစ်စေသည်၊
ကိုယ်စိတ်တွေ အစဉ်လန်းဆန်း
အေးချမ်းလျက်တည်၊
အကျိုးကောင်း မြတ်ဂုဏ်ရည်
မေတ္တာမည် ဖြန့်ပွား၊
လူသားတွေ ကိုယ်စီသုံး
ပြုံးလှစေသား။

\- မေတ္တာသည် အမွေးဆုံး
စိတ်နှလုံး အေးချမ်းရာ၊
ယဉ်ကျေးချို ဆက်ဆံပေါင်း
ကောင်းတဲ့မေတ္တာ၊
မေတ္တာထား နေထိုင်ကာ
ဤကမ္ဘာ ရန်ဘယာဝေး၊
ကျင့်ကြံမှန် မေတ္တာအကျိုး
ဂုဏ်တိုးရဲ့လေး။

\- နေ့စဉ်သာ မညှိုးမွေးတဲ့
နည်းကောင်းဆေး ကျင့်ဝတ်မှန်၊
မေတ္တာကို ရင်မှာရှိတော့
ပီတိဖြစ်မြန်၊
အမွေးဆုံး စိတ်အကြံ
မေတ္တာအလံ စိုက်ထူကြ၊
အမုန်းမဝင် ပြုံးရွှင်လန်းတယ်
အေးချမ်းသောဘဝ။ ။

**ဖြိုးထက်(ရေစကြို)**

---

# သရက်မြို့နယ် အကောက်တဲကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သရက် ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောက်တဲကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ အကောက်တဲကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေး လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားသည်။

အကောက်တဲကျေးရွာ၌ လမ်းအရှည် ပေ ၄၃၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်း ငွေကျပ် ၁၆၃သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ခုနှစ် စက်တင်ဘာ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

**ဝင်းမာ**

# ယူကရိန်းအရေးတွင် အရေးသာလျက်ရှိသော ရုရှားနိုင်ငံ

ဝင်းဇင်(သုတေသန)



ဗြိတိန်နိုင်ငံသည် အကျပ်အတည်းကြုံတွေ့ရလျက်ရှိသည့် ဇီလန်စကီးအစိုးရကို ပံ့ပိုးကူညီမှုပိုမိုမြှင့်တင်ရန်ကြိုးပမ်းမှုအနေဖြင့် ယူကရိန်းနိုင်ငံနှင့်ရေတပ်ဆိုင်ရာ လုံခြုံရေးစာချုပ်လက်မှတ်ရေးထိုးသွားတော့မည်ဖြစ်သည်။ အလားတူ ဂျာမနီနိုင်ငံအနေဖြင့်လည်း လက်နက်ခဲယမ်းတိုက်များ၌ အခွံသာကျန်ရှိနေသည့်တိုင်အောင်ယူကရိန်းနိုင်ငံသို့ လက်နက်အကူအညီများပေးအပ်သွားမည်ဟု ကတိကဝတ်ပြုထားလျက်ရှိသည်။ စင်စစ်အားဖြင့် ဗြိတိန်နှင့်ဂျာမနီတို့အနေဖြင့် ဘဏ္ဍာငွေလိုအပ်လျက်ရှိသည့်အပြင် လက်နက်ခဲယမ်းတိုက်များတွင်လည်း လက်နက်ခဲယမ်းများလုံးဝမရှိတော့ပြီဖြစ်သည်။ အမေရိကန်အနေဖြင့်လည်း အလားတူချုတ်ခြုံကျလာပြီဖြစ်သည်။

အမေရိကန်၏ ကာကွယ်ရေးစက်မှုလုပ်ငန်းများ တဖြည်းဖြည်းချည့်နဲ့အားနည်းလာပြီး ပြဿနာများဖြစ်ပေါ်လာခြင်းသည် လူအင်အားပြတ်တောက်လာသောကြောင့်ပင်ဖြစ်သည်။ နောက်ဆက်တွဲအနေဖြင့် NATO အဖွဲ့အပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုဖြစ်လာလျက်ရှိသည်။ ဂျာမနီကြည်းတပ်သည် လူသစ်စုဆောင်းနိုင်ခြင်းမရှိပေ။ အမေရိကန်ကဲ့သို့ပင် ဂျာမနီနိုင်ငံတွင် စေတနာ့ဝန်ထမ်းတပ်ဖွဲ့များရှိသော်လည်း ဂျာမနီအစိုးရအနေဖြင့် လူသစ်စုဆောင်းမှုစနစ်အပေါ် ပြန်လည်သုံးသပ်လျက်ရှိသည်။ လက်ရှိဂျာမနီအစိုးရအနေဖြင့် လွှတ်တော်၌ထောက်ခံမှုကျဆင်းလျက်ရှိသဖြင့် စစ်မှုမထမ်းမနေရဥပဒေအပေါ် မဲခွဲဆုံးဖြတ်မှုလုပ်သွားမည်ဆိုလျှင် နိုင်ငံရေးအရ ထောက်ခံမှုပိုမိုကျဆင်းနေမည်ဖြစ်သည်။

ဂျာမနီကာကွယ်ရေးဝန်ကြီး ဘောရစ်ပီစတောရပ်စ်သည် စစ်မှုမထမ်းမနေရဥပဒေနှင့်စပ်လျဉ်း၍ ပြဿနာကို သဘောပေါက်ထားသော်လည်း လွှတ်တော်၌ ထောက်ခံမဲရရှိရေးအတွက် အဖြေရှာဖွေမရဘဲဖြစ်နေတော့သည်။ ဂျာမနီ၏လက်ယာယိမ်းပါတီအနေဖြင့်လည်း စစ်မှုမထမ်းမနေရစည်းမျဉ်းဥပဒေအပေါ် ထောက်ခံမည့်အရိပ်အယောင်မတွေ့ရပေ။ ၎င်းပါတီသည် အမျိုးသားရေးပါတီဖြစ်ပြီး ရုရှားနိုင်ငံအပေါ်ပိတ်ဆို့မှုများ ရုတ်သိမ်းမှုကို ရှုမြင်သွားလိုဖွယ်ရာရှိပြီး ဥရောပဒေသ၏ကျယ်ပြန့်လာသော ကာကွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်များအပေါ် ထောက်ခံသွားဖွယ်ရာမရှိပေ။ ဂျာမနီတွင်ကြည်း၊ ရေ၊ လေတပ်ဖွဲ့အားလုံး၏စစ်အင်အားသည် အောက်တိုဘာလကုန်ပိုင်းတွင် ၁၈၁၃၈၃ ဦးသာရှိသဖြင့် ထောင်ပေါင်းများစွာသောနေရာလပ်ကိုဖြည့်ဆည်းနိုင်ခြင်းမရှိသေးပေ။

ဂျာမနီတပ်မတော်အနေဖြင့် တိုင်းပြည်ကိုထိရောက်စွာကာကွယ်နိုင်ရန်လိုအပ်သည့် စစ်အင်အားနှင့်စစ်သုံးပစ္စည်းများမရှိတော့ကြောင့် ဂျာမနီသတင်းစာ Bild ကဖော်ပြထားသည်။ ဂျာမနီအနေဖြင့် လစ်သူရေးနီးယားနိုင်ငံသို့ တပ်ဖွဲ့ဝင် ၅၀၀၀ ရှိသည့် ခိုင်မာသော တပ်မဟာတစ်ခုစေလွှတ်သွားမည်ဆိုသော ထုတ်ပြန်ကြေညာချက်ကိုလည်း စစ်ရေးဆိုင်ရာအကျပ်အတည်းအဖြစ် အဆိုပါသတင်းစာက ထောက်ပြရေးသားထားသည်။

ဂျာမနီကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်၌ ၎င်းတပ်မဟာကို ဘယ်လာရုစ်နိုင်ငံနှင့် ၁၂မိုင်အကွာနယ်စပ်၌ တပ်စွဲသွားမည်ဖြစ်ကြောင်း၊ တပ်မဟာနေရာပြန်လည်ချထားမှုကို၂၀၂၄ခုနှစ် ဒုတိယလေးလပတ်အတွင်း စတင်သွားမည်ဖြစ်ပြီး၂၀၂၇ခုနှစ်တွင် တိုက်ပွဲဝင်အသင့်ဖြစ်ရန် အစီအစဉ်ရေးဆွဲထားရှိကြောင်း ဖော်ပြထားသည်။ ဂျာမနီကာကွယ်ရေးဝန်ကြီး ဘောရစ်ပီစတောရပ်စ်က တိုင်းပြည်ကိုကျူးကျော်စစ်ဆင်လာမည့်အန္တရာယ်ကို ကာကွယ်နိုင်သည့် တပ်မတော်တစ်ရပ်မရှိကြောင်း ဝန်ခံပြောကြားသွားခဲ့သည်။

ဗြိတိန်တပ်မတော်တွင်လည်း ကြီးမားသော ပြဿနာရှိနေသည်။ ကမ္ဘာ့အဆင့်တန်းမီ တပ်မတော်တစ်ရပ်အဖြစ် ကာလရှည်ကြာသတ်မှတ်ခံထားရသည့်ဗြိတိသျှတပ်မတော်သည် ၂၀၂၁ခုနှစ် ကာကွယ်ရေးစက္ကူဖြူစာတမ်းအရ သတ်မှတ်ထားသည့်လူသစ်အင်အားစုဆောင်းနိုင်ရန် လိုအပ်ချက်ရှိနေဆဲပင်ဖြစ်သည်။ စစ်ဘက်ဆိုင်ရာအဆောက်အအုံများ ယိုယွင်းပျက်စီးနေခြင်း၊ သက်တမ်းလွန်ခဲယမ်းများနှင့်စီမံခန့်ခွဲမှုညံ့ဖျင်းသော လက်နက်ခဲယမ်းဝယ်ယူရေးအစီအစဉ်များအပါအဝင် ပြဿနာများစွာရှိနေသည်။ ဗြိတိန်တပ်မတော်အနေဖြင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားပြီး ရက်အနည်းငယ်အတွင်းမှာပင် လက်နက်ခဲယမ်းပြတ်တောက်သွားနိုင်ကြောင်း၊ တိုးတက်လာသောစစ်ရေးဆိုင်ရာစွမ်းဆောင်ရည်များ၊ ဒုံးကျည်နှင့်ဒရုန်းအန္တရာယ်တို့မှ ဝေဟင်ပိုင်နက်ကို ကာကွယ်နိုင်သည့်စွမ်းဆောင်ရည်လည်း ကင်းမဲ့လာပြီဖြစ်ကြောင်း Sky News က ဖော်ပြထားရှိသည်။

ထို့ပြင် သက်တမ်းလွန်နေပြီဖြစ်သည့် ဗြိတိန်တင့်ကားများနှင့် သံချပ်ကာယာဉ်များကို သတ်မှတ်ကာလအတွင်း အစားထိုးနိုင်ခြင်းမရှိသဖြင့် ခေတ်မီတပ်မတော်တည်ဆောက်ရာတွင်ဆိုးကျိုးသက်ရောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။ ဗြိတိန်တပ်မတော် အနေဖြင့် စွမ်းဆောင်ရည်မြင့်မားသော တင့်ကားများ၊ အမြောက်လက်နက်စနစ်များနှင့် ရဟတ်ယာဉ်များပါဝင်သည့် တပ်ဖွဲ့ဝင် ၃၀၀၀ ကျော် ပါရှိသောတိုက်ခိုက်ရေးတပ်ခွဲများဖွဲ့စည်းရန်အတွက် အချိန်ငါးနှစ်ကျော် ၁၀နှစ်ခန့်ယူသွားရန် လိုအပ်ပေသည်။

မျက်မှောက်ခေတ် ဗြိတိန်တပ်မတော်သည် အင်အား ၁၄၂၅၆၀ ခန့်သာရှိသည့်အတွက် သိသိသာသာ အင်အားလျော့နည်းလာလျက်ရှိသည်။ လက်ရှိအချိန်တွင် ဗြိတိန်ကြည်းတပ်၌ တပ်ဖွဲ့ဝင် ၇၇၅၄၀ သာရှိသည်။ ဆိုလိုသည်မှာ တိုက်ပွဲဝင်တိုက်ခိုက်ရေးအင်အားမှာ ၃၀၀၀၀ ခန့်သာရှိမည်ဖြစ်သည်။ ယူကရိန်းပဋိပက္ခတွင် ဥရောပ၏အကြီးမားဆုံးပံ့ပိုးသူအဖြစ်ရပ်တည်လာသည့်အတွက် ဗြိတိန်သည် ယူကရိန်းကြည်းတပ်ကို နည်းပညာပိုင်းဆိုင်ရာလက်နက်များ ဆက်လက်ပံ့ပိုးသွားနိုင်စွမ်း မရှိတော့ပေ။

အလားတူ ပြင်သစ်ကြည်းတပ်ရှိ စစ်လက်နက်ပစ္စည်းများသည်လည်း ယူကရိန်းပဋိပက္ခတွင် ရုရှားတို့၏စစ်လက်နက်ပစ္စည်းများကို ယှဉ်ပြိုင်နိုင်စွမ်းမရှိခဲ့ပေ။ သာဓကအနေဖြင့် CAESAR အမျိုးအစားအမြောက်လက်နက်စနစ်များသည် စစ်မြေပြင်၌ ရုရှားနိုင်ငံထုတ် Lancet ဒရုန်းများ၏ပစ်မှတ်များဖြစ်ခဲ့သည်။ ပြင်သစ်နိုင်ငံသည် ၁၅၅ mm အမြောက်လက်နက်စနစ်များတင်ဆောင်ထားသည့် ယာဉ် ၁၈ စင်းကို ယူကရိန်းသို့ ပေးပို့ခဲ့သည်။ ထို့ပြင် ပြင်သစ်တို့၏ AMX-10C RC အမျိုးအစား ခြေလျင်တိုက်ယာဉ်များမှာလည်း သံချပ်ကာထုပါးလှသောကြောင့် ယူကရိန်းနိုင်ငံရှိ ရှေ့တန်းစစ်မျက်နှာတွင်အသုံးပြုရန်မသင့်တော့ပေ။ AMX နှင့်ဂျာမနီထုတ် Leopard တင့်ကားများသည် ယူကရိန်းပဋိပက္ခတွင် စွမ်းဆောင်ရည်ကင်းမဲ့လျက်ရှိသောကြောင့် ပြင်သစ်သည် ယူကရိန်းနိုင်ငံသို့ Leclerc အမျိုးအစားပင်မတိုက်ပွဲဝင်တင့်ကားများပေးပို့ရန် ငြင်းဆန်ခဲ့သည်။

အမေရိကန်ကြည်းတပ်အနေဖြင့်လည်း လူသစ်စုဆောင်းရရှိရေးအတွက် အကျပ်အတည်းဖြစ်ပေါ်လျက်ရှိသည်။ အမေရိကန်ကြည်းတပ်အနေဖြင့် ဘွဲ့ရပြီး ပြန်တမ်းဝင်မဟုတ်သောအရာရှိ(NCO) များစုဆောင်းရရှိရေးအတွက် အကျပ်အတည်းဖြစ်ပေါ်လျက်ရှိသည်။စင်စစ်အားဖြင့် NCO များသည် အမေရိကန်ကြည်းတပ်၏ အသက်ဝိညာဉ်ဖြစ်ပြီး အဓိကတာဝန်များ ထမ်းဆောင်လျက်ရှိသည်။ အမေရိကန်ရှိ Fort Knox စစ်အခြေစိုက်စခန်း၌ ကြည်းတပ်လူသစ်စုဆောင်းမှုသင်တန်းသည် အတန်းခွဲ ၅၃ ခု၌ ကျောင်းသား၂၈၆၆ ဦး ထိ သင်တန်းပို့ချနိုင်စွမ်းရှိသည်။ သို့သော်၂၀၂၃ခုနှစ်ဘဏ္ဍာနှစ်ကုန်သည့်စက်တင်ဘာလကုန်ထိကျောင်းသား ၁၃၃၆ ဦးသာဘွဲ့ရရှိခဲ့သည်။ ကြည်းတပ်အနေဖြင့် လွန်ခဲ့သောဘဏ္ဍာနှစ်အတွင်း တပ်ဖွဲ့ဝင် ၆၅၀၀၀ ကျော်စုဆောင်းရန် ရည်မှန်းထားရှိသော်လည်း ၁၀၀၀၀ ကျော်သာရရှိခဲ့သည်။ အလားတူ ယခင်နှစ်ကလည်းတပ်ဖွဲ့ဝင် ၆၀၀၀၀ စုဆောင်းရန်ရည်မှန်းထားသော်လည်း ၁၅၀၀၀ သာရရှိခဲ့သည်။

ဆိုရလျှင် NATO အဖွဲ့များသည် လူအင်အားနှင့် စစ်လက်နက်ပစ္စည်းများ လိုအပ်လျက်ရှိသည့်အပြင် တိုက်ခိုက်ရေးအတွေ့အကြုံလည်း ကင်းမဲ့လျက်ရှိသည်။ ယူကရိန်းရှိအကြံပေးများသည် ယူကရိန်းတပ်မတော်ကို ထောက်ခံလျက်ရှိသော်လည်း ၎င်းတို့သည် ရှေ့တန်းရှိတပ်ဖွဲ့ဝင်များ၏ အတွေ့အကြုံနှင့်ထပ်တူကျမည်မဟုတ်ချေ။ ထို့ကြောင့် ၎င်းတို့၏အကြံပေးချက်သည် နည်းဗျူဟာနှင့်စစ်ဆင်ရေးဆိုင်ရာ ဗဟုသုတများကိုသာ ပေးနိုင်သော်လည်း လက်တွေ့စစ်မြေပြင်အတွက်မူ အဆင်မပြေပေ။

အမှန်တော့ စစ်မြေပြင်ဖြစ်နေသည့် ယူကရိန်းနိုင်ငံသည်ပင်လျှင် တပ်ဖွဲ့ဝင်အင်အားပြတ်တောက်လျက်ရှိသည်။ အတင်းအကျပ်လူသစ်စုဆောင်းရန်ကြိုးပမ်းမှုများအပေါ် လူကြိုက်နည်းလျက်ရှိသည့်အပြင် ထိုသို့ဆက်လက်လုပ်ဆောင်သွားမည်ဆိုလျှင် ယူကရိန်းသမ္မတဇီလန်စကီးကိုပင်လျှင် ရာထူးမှ နုတ်ထွက်ရန်ဖိအားပေးလာနိုင်ပေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အတင်းအကျပ်စုဆောင်းထားသောတပ်ဖွဲ့ဝင်များသည်စစ်မြေပြင်တွင် ထိရောက်စွာတိုက်ပွဲဝင်နိုင်ခြင်းမရှိဘဲ အသေခံအဆင့်လောက်သာရှိသည်။ အမှန်တော့ ယူကရိန်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ကာကွယ်စောင့်ရှောက်နေသူများသည် အထက်တန်းအလွှာများ သို့တည်းမဟုတ် ကျွမ်းကျင်သူများ သို့တည်းမဟုတ် နိုင်ငံရေးအရ ချိတ်ဆက်မှုရှိပြီး အခွင့်ထူးခံမိသားစုများမှ ဆင်းသက်လာသူများဖြစ်သည်။

ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့က ယူကရိန်းတွင် ရုရှားကိုချေမှုန်းခြင်းသည် အနာဂတ်တွင် ဥရောပဒေသကို ရုရှား၏တိုက်ခိုက်မှုမှ ကာကွယ်သွားနိုင်မည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။ ယူကရိန်းနိုင်ငံကိုဆက်လက်ထောက်ခံခြင်းသည် ဥရောပဒေသတွင် စစ်အင်အားချဲ့ထွင်မှု ဖြစ်ပေါ်လာစေနိုင်သည်။ အမေရိကန်နှင့် ၎င်း၏မဟာမိတ်များသည် ဥရောပလုံခြုံရေးနှင့် အလောင်းအစားပြုလုပ်ကာ ယူကရိန်းတွင် စစ်ရေးဆိုင်ရာအကြံပေးမှုများ၊ စစ်လက်နက်များနှင့် သတင်းအချက်အလက် ပံ့ပိုးမှုများအပြင် ငွေကြေးမြောက်မြားစွာကိုလည်း အကုန်အကျခံ အသုံးချလျက်ရှိသည်။

လက်ရှိအချိန်ထိ ရုရှားနိုင်ငံသည် ယူကရိန်းကို ပံ့ပိုးကူညီနေသော အနောက်နိုင်ငံများဖြစ်သည့် ဥရောပနှင့်အမေရိကန်သို့ သဘာဝဓာတ်ငွေ့နှင့် အခြားသော လူသုံးကုန်ပစ္စည်းများပေးပို့မှုရပ်ဆိုင်းခြင်းမရှိသေးပေ။ သို့သော် ရုရှားနိုင်ငံသည် ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ အသာစီးရရှိနေကြောင်း၊ ထိုးစစ်ကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နေကြောင်း၊ ဒွန်းဘတ်စ်ဒေသကိုခြေကုပ်ယူထားပြီးဖြစ်ကြောင်းသတင်းမီဒီယာများတွင် ဖော်ပြလျက်ရှိသည်။

စင်စစ်အားဖြင့် NATO အဖွဲ့သည် ခံစစ်စနစ်မဟုတ်ဘဲ ထိုးစစ်အပြုအမူပုံစံဖြင့် ဟန်ဆောင်ရပ်တည်လျက်ရှိသော်လည်း အခက်အခဲအကျပ်အတည်းများစွာကို ရင်ဆိုင်ရလျက်ရှိသည်။ NATO အဖွဲ့သည် အရှေ့ဥရောပနှင့် ဖင်လန်ထိ၎င်း၏နယ်မြေကိုချဲ့ထွင်နိုင်ခဲ့ပြီး ယူကရိန်းထိတိုးချဲ့သွားရန် ရည်မှန်းဆောင်ရွက်လာခဲ့သည်။ သို့သော် ရုရှားနိုင်ငံသည် ယူကရိန်းထိ နယ်မြေချဲ့ထွင်လာမည့် NATO အဖွဲ့၏ရည်မှန်းချက်ကို လက်မခံဘဲ ပြတ်ပြတ်သားသားတုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် NATO အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အမေရိကန်၊ ဗြိတိန်၊ ဂျာမနီနှင့်ပြင်သစ်တို့သည် စစ်အင်အားချည့်နဲ့လာလျက်ရှိသဖြင့် ရုရှားနိုင်ငံသည် ယူကရိန်းအရေးတွင် စစ်ရေးအရပိုမို အရေးသာလျက်ရှိပေသည်။

**❖ လက်ရှိအချိန်ထိ ရုရှားနိုင်ငံသည် ယူကရိန်းကို ပံ့ပိုးကူညီနေသော အနောက်နိုင်ငံများဖြစ်သည့် ဥရောပနှင့်အမေရိကန်သို့ သဘာဝဓာတ်ငွေ့နှင့် အခြားသောလူသုံးကုန်ပစ္စည်းများပေးပို့မှု ရပ်ဆိုင်းခြင်းမရှိသေးပေ။ သို့သော် ရုရှားနိုင်ငံသည် ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ အသာစီး ရရှိနေကြောင်း၊ ထိုးစစ်ကိုအကန့်အသတ်ဖြင့်သာ ဆောင်ရွက်နေကြောင်း၊ ဒွန်းဘတ်စ်ဒေသကို ခြေကုပ်ယူထားပြီးဖြစ်ကြောင်း သတင်းမီဒီယာများတွင် ဖော်ပြလျက်ရှိသည်။ ❖**

**ကိုးကား**

- NATO is a mess and the Russians are winning By Asia Times.

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဒေးဒရဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါးဧက ၁၇၄၉၃၀ ရိတ်သိမ်းပြီးစီး



**ဒေးဒရဲ ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါးဧက ၁၇၄၉၃၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးလျာထားဧက ၁၇၄၉၃၀ ကို စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးများကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မိုးစပါးဧက ၁၇၄၉၃၀ အားလုံး ပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းပြီးသည့်စပါး တစ်ဧကလျှင် ၆၈ ဒသမ ၀၂ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီက မိုးစပါးလျာထား ဧက ၁၇၄၉၃၀ ထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့စပါးတွေကို ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလက စတင်ပြန်လည်ရိတ်သိမ်းခဲ့ပါတယ်။ လက်ရှိမှာတော့ မိုးစပါးတွေအားလုံးပြန်လည်ရိတ်သိမ်းပြီးပါပြီ။ မိုးစပါးတွေ ရာနှုန်းပြည့် စိုက်ပျိုး၊ ရာနှုန်းပြည့် ပြန်လည်ရိတ်သိမ်းနိုင်ဖို့ တောင်သူတွေ လိုအပ်တာတွေကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်လုပ်ဆောင်ပေးခဲ့ပါတယ်။ လက်ရှိ ရိတ်သိမ်းခဲ့တဲ့ စပါးတွေ အထွက်နှုန်းကောင်းခဲ့သလို အရည်အသွေးလဲ ကောင်းမွန်ခဲ့ပါတယ်"ဟု ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၇၄၉၃၀ တွင် ဧည့်မထ၊ ပေါ်ဆန်း၊ ရောမင်း၊ ပခမ်း၊ ရွှေသွယ်ရင်၊ GW11-GW-1စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဒေသရေမြေရာသီဥတုအခြေအနေနှင့်ကိုက်ညီပြီး ဈေးကွက်အခိုင်အမာရှိသည့် စပါးအမျိုးအစားများဖြစ်ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းဆတ်မြို့နယ် မဟုန်ကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းဆတ် ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခွင့်ပြုရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် မဟုန်ကန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်၊ မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးဌေးနှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

မဟုန်ကန်ကျေးရွာတွင် လမ်းအရှည်ပေ ၃၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့် ဝင်ငွေကျပ် ၁၀ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က ပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**

# ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ် ၆ လ ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www.myawady.net.mm/Sgt(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၂-၂၀၂၃ ရက်နေ့မှ ၃၁-၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာသင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာနှင့် သတ်မှတ်စရိတ်များ ခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)ရုံးများ** တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး အမျိုးသမီးသင်တန်းသူများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ် ၆ လ ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀) နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www.myawady.net.mm/Sgt(female)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၂-၂၀၂၃ ရက်နေ့မှ ၂၁-၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့် သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀) ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သား အခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာနှင့် သတ်မှတ်စရိတ်များ ခံစားခွင့်ရှိမည်-

| **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **ပေါင်း** |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ၂၀၂၀-၂၀၂၃ ခုနှစ်သက်တမ်း နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးသို့ တက်ရောက်ပေးပါရန် ဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ၏ ၂၀၂၀-၂၀၂၃ ခုနှစ်သက်တမ်းနှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည် ဖြစ်၍ တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၄.၂.၂၀၂၄ (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် (၉:၀၀)နာရီ

(နံနက် ၈:၄၅ ကြိုတင်နေရာယူပေးပါရန်)

ကျင်းပမည့်နေရာ - ၇၈ လမ်း၊ ၃၄လမ်းထောင့်၊ ရတနာပုံစူပါစင်တာ (၄)လွှာ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

မန္တလေးတိုင်းဒေသကြီး
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း








**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

အပြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁


နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

**ထာဝရလှပသော အပြုံးအတွက်**

**DENTOMEC**





**Fluoride** ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040


## အမည်ပြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်(၃၃၆)နေ ဦးစိုးနိုင်ဝင်း-ဒေါ်ခင်သဲသဲဦး တို့၏သား မောင်ထက်ဝေယံကျော် အား မောင်သော်ထက်အောင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သော်ထက်အောင်**

## ပျောက်ဆုံးကြောင်း

မလှိုင်မြို့နယ်၊ ဖျောက်ဆိပ်ကျင်းကျေးရွာအုပ်စု၊ သဲကျွန်းကျေးရွာနေ မသင်းသင်းအောင်(ဘ)ဦးမြင့်ဇော် (၉/မလန(နိုင်)၁၈၄၉၄၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-738746) Type PJမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၉၂၈၆၈၄၂၁**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ အမယာလမ်း၊ အမှတ်(၂၀၆) နေ မအေးသီရိခေတ်(ဘ)ဦးမြင့်ဦး(၁၂/ဥကမ(နိုင်)၂၅၃၅၃၃) (Passport No. MG-201790) ၏ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC Card) (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၅၂၀၇၃၃၇၂

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်နေ ဦးကျော်နိုင်-ဒေါ်သန်းဌေး တို့၏သမီး **မဝေခင်ဦး(၉/ကဆန(နိုင်)၁၅၂၄၉၀)** သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကျော်နိုင်(၉/စကတ(နိုင်)၀၅၆၀၃၃)**

**ဒေါ်သန်းဌေး(၉/စကတ(နိုင်)၀၁၄၂၉၅)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဒေါ်တင်ကြည်
## အသက်(၉၀)နှစ်

မန္တလေးမြို့နေ ဦးညီညီ+ဒေါ်ခင်ချိုဦး၊ ဦးအေးလွင်+ဒေါ်ခင်ချိုဝင်း၊ ဦးမျိုးမြင့်+ဒေါ်ခင်မျိုးမြင့်၊ ဒေါ်တင့်တင့်(ကျောင်းအုပ်ကြီးဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ)၊ ဒေါ်စန်းစန်းဝင်း၊ (ဦးမောင်မောင်ဦး)တို့၏မိခင်၊ မြေး(၆)ယောက်၊ မြစ်(၇)ယောက်တို့၏အဘွား၊ (ဦးချစ်မြ)၏ဇနီး

**ဒေါ်တင်ကြည် အသက် (၉၀)နှစ်**

သည် ၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၁)ရက်၊ (၇-၁-၂၀၂၄)ရက် (တနင်္ဂနွေ)နေ့ နံနက် (၇း၀၀) နာရီအချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် (၈-၁-၂၀၂၄) ရက် (တနင်္လာ) နေ့ မွန်းလွဲ(၁း၀၀)နာရီတွင် ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ(အမရပူရမြို့)မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းပြေ၏**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းမှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှတ်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address - accm@accm.gov.mm၊

Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စားရေရိက္ခာသည် လူတိုင်းအတွက် လိုအပ်ပြီး လက်ရှိကမ္ဘာပေါ်တွင်လည်း စားနပ်ရိက္ခာလုံခြုံရေး (Food Security)မှာ အကြီးမားဆုံးစိန်ခေါ်မှု ဖြစ်နေ...

❖ မိမိတို့နိုင်ငံအနေဖြင့်လည်း စားနပ်ရိက္ခာလုံခြုံရေးအတွက် စားရေရိက္ခာပေါများရေးကို အလေးထားဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၉၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့်မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOBဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၄၉၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ASB Classic တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကိုကိုဂတ်ဖ် ဆွတ်ခူးခဲ့ပြီး Brisbane International တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဒီမီထရော့ဗ်နှင့် ရိုင်ဘာကီနာတို့ ဆွတ်ခူး





**ဝယ်လင်တန် ဇန်နဝါရီ ၇**

နယူးဇီလန်နိုင်ငံတွင် ကျင်းပခဲ့သည့် ASB Classic တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်က ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကိုကိုဂတ်ဖ်က ၆-၇၊ ၆-၃၊ ၆-၃ ရလဒ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုကိုဂတ်ဖ်သည် အဆိုပါပြိုင်ပွဲ၏ လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက် ၎င်း၏ ချန်ပီယံဘွဲ့ကို ပထမဆုံးအကြိမ် ကာကွယ်သွားနိုင်ခဲ့သည်။

ဆယ်ကျော်သက်တင်းနစ်မယ် ကိုကိုဂတ်ဖ်အနေဖြင့် စဗစ်တိုလီနာကို အနိုင်ရရှိခဲ့သော်လည်း ခက်ခဲစွာယှဉ်ပြိုင်ကစားခဲ့ရပြီး ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၄ ☆

မန္တလေး-ရွာသစ်ကြီး-သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၆၀ စိုက်ထူပြသမည်
စာမျက်နှာ - ၂

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်ထိ ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၈ သန်းကျော်ရရှိခဲ့
စာမျက်နှာ - ၁၉

နှစ်သစ်ဦး လက်ဆောင်
ဆောင်းပါး
စာမျက်နှာ - ၄

